# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၉၁)


## အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသူများ၏ တွေ့ဆုံဆွေးနွေးရေးတောင်းဆိုချက် အနှစ်သာရပြည့်ဝသည့် အမျိုးသားညီလာခံကြီး၏ အရှိန်အဝါအောက်မှာ သေးသိမ်ပျောက်ကွယ်သွားပြီ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ခေါင်းစဉ်အလိုက် တစ်ခုပြီးတစ်ခု အောင်မြင်စွာ ချမှတ်နိုင်

## လွတ်လပ်ရေးဟူသည်



လွတ်လပ်ရေးဆိုတာ အမှုမဲ့အမှတ်မဲ့နေရင်ဖျတ်ခနဲဆိုသလို တိုင်းတစ်ပါးရဲ့ ကျွန်ပြုမှုကို ခံရပြီး ဆုံးရှုံးနိုင်တယ်။ ဒါပေမယ့် ပြန်ရဖို့ ကြိုးစားမယ်ဆိုရင်တော့ အသက်၊ သွေး၊ ချွေး မြောက်မြားစွာကို ရင်းနှီးပေးဆပ်ပြီးမှ ပြန်ရတတ်တာမျိုး ဖြစ်တယ်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃)၊ အမှုဆောင်များစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁၅) နှင့် နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ် (၂) တို့၏ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြွက်ကြားခဲ့သည့်မိန့်ခွန်းမှ–

## နိုင်ငံတော်၏အနာဂတ်အတွက် ခိုင်လုံစိတ်ချရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး ညှိနှိုင်းတိုင်ပင်



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ချစ်ကြည်လေးစားအပ်ပါသော**
**အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနဲ့ တိုင်းကျိုး ပြည်ကျိုးများကို ဆတက်ထမ်းပိုးတို့၍ ရွက်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

*စာမျက်နှာ ၈ ကော်လံ ၁* ✡



## မြန်မာ့အလင်း (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို




❐ လွတ်လပ်ရေးဆိုသည်မှာ ကိုယ်လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေ၊ ပြောချင်သလိုပြော၊ စားချင်သလိုစား၊ သွားချင်သလို သွား၍ရသော အတ္တဝါဒီ၊ တစ်ကိုယ်ကောင်းဆန် လုပ်ရပ်များ၊ စည်းလွတ်၊ ဘောင်လွတ်၊ ဥပဒေလွတ် နေထိုင်ခြင်းမျိုးများ မဟုတ်ပါ။

ဥသျှောင်မှူး(ရတနာစည်-လှိုင်လင်)၏ လွတ်လပ်ရေးရလဒ် အမြတ်ကျန်စေဆောင်းပါး (စာ–၄ နှင့် ၅)

❐ လွတ်လပ်ရေးဆိုသည်မှာ

စိုးမိုး–ပုသိမ် ၏ ကဗျာ (စာ–၅)

❐ လွတ်လပ်ခြင်း၊ တည်ငြိမ်ခြင်း မရှိတဲ့ နိုင်ငံမှာ

ကောင်းထက် ၏ ကာတွန်း (စာ–၅)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း အယ်ဒီတာ အာဘော် (၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

# တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ၏ အစဉ်အလာကောင်း ဆက်လက်သယ်ပိုးထမ်းရွက်

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက်က ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပခဲ့သည်။

တပ်မတော်ဆေးတက္ကသိုလ် သင်တန်းဆင်းဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိများသည် ဒို့တာဝန် အရေးသုံးပါးကို ဆက်လက် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားမည့် အမျိုးသားတပ်မတော်၏ မျိုးဆက်သစ်များပင် ဖြစ်သည်။

ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိများအနေဖြင့် တပ်မတော်ဆေးတက္ကသိုလ်၏ ရည်မှန်းချက်ဖြစ်သည့် **ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်** ရန်ဟူသော စကားရပ်အတိုင်း တပ်မတော်သားများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ကိုယ်ခံအား ကောင်းမွန်ရေးတို့အတွက် ပြုစုစောင့်ရှောက်ပေးကြရမည် ဖြစ်သည်။

ထို့အပြင် စစ်မြေပြင်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက် နယ်မြေဒေသအလိုက် ဖြစ်ပွားတတ်သည့် ရောဂါမျိုးစိတ်များကို ကာကွယ်ကုသနိုင်ရန် စစ်ပညာနှင့်ဆေးပညာ ယှဉ်တွဲသုတေသနပြုကြရမည့်အပြင် ဆန်းသစ်သော လက်နက်များ ပြောင်းလဲသုံးစွဲလာမှုကို အစဉ်ကြိုတင်သတိပြု တွက်ဆထားရန် လိုအပ်သည်။

တစ်ဖန် တပ်မတော်သားများနှင့် မိသားစုဝင်တိုင်း ရှေးဦးသူနာပြုအတတ်ကို တတ်ကျွမ်းအောင် သင်ကြားပေးပြီး ရောဂါကာကွယ်ရေးနှင့် ကုသရေးအရေးပါပုံကို စဉ်ဆက်မပြတ် ပညာပေးမှုများ လုပ်ဆောင်ပေးကြရမည် ဖြစ်သည်။

တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းကခွဲ၊ လုံ့လ၊ ဝီရိယ ကြီးစွာ တာဝန်ထမ်းဆောင်ခဲ့ကြသူများအဖြစ် အစဉ်အလာကောင်းရှိခဲ့သူများ ဖြစ်ကြသည်။ အခက်အခဲဟူသမျှ ရင်ဆိုင်ကျော်လွှားပြီး မျိုးချစ်စိတ်ဓာတ် ထက်သန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသယ်ပိုးထမ်းရွက်သွားကြရမည်ဖြစ်သည်။

ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိများသည် စစ်ဘက်ခေါင်းဆောင်ငယ်များ ဖြစ်သည်နှင့်အညီ လက်အောက်ငယ်သားများက အားထားလေးစား ယုံကြည်ခြင်းခံရသည့် ခေါင်းဆောင်ကောင်းဖြစ်ရေးအတွက် တပ်မတော်၏ မွန်မြတ်သောအစဉ်အလာကောင်းများကို လိုက်နာစောင့်ထိန်းကြရမည် ဖြစ်သည်။

ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိများသည် စစ်ပညာနှင့် စစ်ဘက်ခေါင်းဆောင်မှုများကို လေ့ကျင့်သင်ကြားထားပြီးဖြစ်ရာ စစ်မြေပြင်အတွေ့အကြုံများ ရင့်ကျက်စေရေးအတွက် ဆက်လက်လေ့ကျင့်ကြရမည် ဖြစ်သကဲ့သို့ တပ်မတော်သားကောင်း ပီသစွာဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ရှပ်ရှပ်ချွံချွံ ထမ်းရွက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တရုတ်နှင့်ဖိလစ်ပိုင် ရဲတပ်ဖွဲ့ဝင်များ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းအား ဖြိုခွင်း

ပေကျင်း ဒီဇင်ဘာ ၂၉

**တရုတ်နှင့်ဖိလစ်ပိုင်ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံတကာမူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းတစ်ဂိုဏ်းအား အက်ဖက်ဒရင်း တစ်တန်နှင့် မက်သာမက်သမင်း ကီလို ၃၅၀ နှင့်အတူ ဖြိုခွင်းဖမ်းဆီးလိုက်သည်။**

တရုတ်နိုင်ငံမှ သံသယရှိသူ ၁၅ဦးနှင့် ဖိလစ်ပိုင်မှ သံသယရှိသူ ငါးဦးတို့ကိုလည်း ဖမ်းဆီးလိုက်ကြောင်း တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဒုတိယညွှန်ကြားရေးမှူး ရှုယူကျင်းက ပေကျင်းမြို့၌ ဒီဇင်ဘာ ၂၆ ရက်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

### သိမ်းဆည်း

အဆိုပါ ရဲတပ်ဖွဲ့ဝင်များသည် ဖိလစ်ပိုင်ရှိ စတုရန်းမီတာ ၃၀၀၀ အကျယ်အဝန်းရှိ မူးယစ်ဆေးဝါးစက်ရုံအတွင်း ဓာတုဗေဒဆိုင်ရာပစ္စည်း၁၀၀၀၀ ခန့်ကိုလည်း သိမ်းဆည်းလိုက်ကြောင်း ရှုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## စင်ကာပူနိုင်ငံ၏ ကုန်ချောပစ္စည်းထုတ်လုပ်မှု ယခုနှစ် နိုဝင်ဘာလ၌ ၁၄ရာခိုင်နှုန်းကျော်မြင့်တက်

စင်ကာပူ ဒီဇင်ဘာ ၂၉

**စင်ကာပူနိုင်ငံ၏ ကုန်ချောပစ္စည်းထုတ်လုပ်မှုသည် ယခုနှစ် နိုဝင်ဘာလတွင် ၁၄ဒသမ၇ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ရာ ၂၀၀၅ ခုနှစ် နိုဝင်ဘာလကထက် ထုတ်လုပ်မှုမြင့်မားခဲ့ကြောင်း သိရသည်။**

စင်ကာပူနိုင်ငံ၏ ဇီဝဆေးဝါးများဆိုင်ရာ ထုတ်ကုန်များတွင် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကထက် ၇ဒသမ၀ ရာခိုင်နှုန်း တိုးမြင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း စင်ကာပူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့(အီးဒီဘီ)က ထုတ်ပြန်သော စာရင်းဇယားများ၌ ဖော်ပြသည်။

### ဖော်ပြ

အဆိုပါ ဇီဝဆေးဝါးများနှင့် အင်ဂျင်နီယာလုပ်ငန်းသုံး ထုတ်ကုန်များသည် နိုဝင်ဘာလထုတ်ကုန်ပစ္စည်း တိုးတက်မှု၌ အများဆုံးဖြစ်ကြောင်း အီးဒီဘီ၏ အစီရင်ခံစာ၌ ဖော်ပြသည်။

### မြင့်တက်

ယခုနှစ် ပထမ ၁၁ လအတွင်း အထွေထွေထုတ်ကုန်များ ထုတ်လုပ်မှု ၁၃ဒသမ၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ရာတွင် အင်ဂျင်နီယာလုပ်ငန်းများသုံး ထုတ်ကုန်ပစ္စည်းများ အနေဖြင့် ၉ဒသမ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ ယခုနှစ် နိုဝင်ဘာလအတွင်း အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်မှု ၂ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**




## မြန်မာ့ရုပ်မြင်သံကြား

**၃၀-၁၂-၂၀၀၆ရက် (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ သင်ပုန်းရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၀၀ ၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၁၀ ၆။ **"ရအောင်ယူ မြဲအောင်ထိန်း"** အကယ်ဒမီထွန်းထွန်းဝင်း၊ ညီညီနေနိုင်၊ ဆုမြတ်ရွှေစင်၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
၁၃:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၃:၃၅ ၈။ **"မနိုင်သောအရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ အောဝမ်း မောင်လှမျိုး)
၁၃:၄၅ ၉။ International News

**ညပိုင်း**

၁၄:၅၀ ၁။ ၂၀၀၆ ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) [တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ဘောလုံးအသင်းနှင့် တပ်မတော်(လေ) ဘောလုံးအသင်း]
၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၇:၀၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၇:၁၅ ၄။ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၃၀ ၅။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၆။ ညနေခင်းသတင်း
၁၈:၃၀ ၇။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၈။ အလှရှာမယ်လှကမ္ဘာဝယ်
၁၈:၅၅ ၉။ Discovery
၁၉:၀၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း-၇)
၁၉:၄၅ ၁၁။ အချုပ်အခြာအာဏာဓွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု **"နှစ်ဆယ့်လေးမည် ရောင်စုံပွင့်လန်း အလှပန်း"**(အပိုင်း-၂)
၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း-၁၁)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၀-၁၂-၂၀၀၆ (စနေနေ့)**

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ သူချစ်ကိုယ်ချစ်မေတ္တာစစ် တရားတော် (အရှင်ဆေကိန္ဒ)
၇:၃၀ တစ်ပတ်အတွင်း အားကစားသတင်း
၇:၄၅ တေးဂီတအစီအစဉ်
၇:၅၀ ၂၀၀၄ခုနှစ် အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုရ **"လွင်မိုး"**နှင့်တွေ့ဆုံခြင်း
၈:၀၅ ပြည်တွင်းသတင်းအကျဉ်း
၈:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၀ မိုးလေဝသခန့်မှန်းချက်
၈:၄၅ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော် (ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်)
၈:၅၅ တေးဂီတအစီအစဉ်
၉:၀၀ Music Talk (ဝင်းဦး)
၉:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅ ဆီးချိုခြေထောက်ရောဂါ (ဒေါက်တာသန်းသန်းအေး)
၁၀:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅ ယနေ့သိပ္ပံနှင့် နည်းပညာ
၁၀:၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅ မြန်မာ့အနုပညာပန်း ငွေထည်လုပ်ငန်း
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ နိုင်ငံတကာအနုပညာရေးရာ
၁၁:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅ သျှိသျှားမြေမှစပျစ်ချို
၁၂:၂၀ တေးဂီတအစီအစဉ်
၁၂:၂၅ ကလေးတို့အတွက် လက်ဆောင်
၁၂:၄၅ တေးဂီတအစီအစဉ်
၁၂:၅၀ ရတနာရွှေသိုက်
၁:၀၀ MRTV-4 အပိတ် Logo၊

**အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည ၇:၀၀ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၀၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၆:၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၇:၁၀ | Charlton-Aston Villa | 5-Sports(Live) |
| ၉:၂၅ | Tottenham-Liverpool | 5-Sports(Live) |
| | Man Utd-Reading | 5-Series(Live) |
| | Everton-Newcastle | 5-Cartoons(Live) |
| ၁၁:၄၀ | Sheffield Utd-Arsenal | 5-Series(Live) |
| ၁၂:၀၀ | Chelsea-Fulham | 5-Sports(SDD) |

## မြဝတီရုပ်မြင်သံကြား

**၃၀-၁၂-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ ဆရာတော် ဦးဃောသိတ တရားတော် **"တဏှာသခ်တသုတ်"**

**နေ့လယ်ပိုင်း**

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"အရိပ်"** မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ ပန်းဖြူ (ပထမပိုင်း)
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄:၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၀။ လျှပ်တစ်ပြက်
၆:၄၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"**(အပိုင်း-၁၅)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲ Manchester United Vs Reading (Live)

30-12 (02) 1 12/30/06, 3:02 AM

**✻ ကျောဖုံးမှ**

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်း ပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စား လှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြား ထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများ ဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူး ဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNDP)(နဂါး)အဖွဲ့၊ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေး ပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ပေါင်သရော အထူးဒေသ အဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ်ဘားအံမြို့နယ်ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ် အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

## လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက်၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ် ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိ သူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ်အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ မောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။**

(သတင်းစဉ်)

## စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၈၀ရှိပြီး ညီလာခံ ကိုယ်စားလှယ် ၁၀၇၀တို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ ၀၇ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးသို့ တင်ပြသည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဖတ်ကြား တင်ပြကြရာ ရှေးဦးစွာ ညီလာခံ ကိုယ်စားလှယ် သတ္တုတွင်းဝန်ကြီးဌာနမှ ဦးစိန်လွင်က ဖတ်ကြားတင်ပြသည်။

ယင်းနောက်ညီလာခံကိုယ်စားလှယ် ရှေ့နေချုပ်ရုံးမှ ဦးသန်းထွန်းက ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၉နာရီ ၅၅မိနစ်တွင် ခေတ္တရပ်နားသည်။

## ဖတ်ကြားတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့်အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ များနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသည့် ကရင်နီ အမျိုးသားတိုးတက် ရေးပါတီ(KNPP) (ဟိုယာ)မှ ဦးလွိဇီးကျော်ကျော်က ရှေးဦးစွာ ဖတ်ကြားတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်း ချောင်းဦး မြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးစောလှထွန်းက ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၅၅မိနစ်တွင် ခေတ္တရပ်နားလိုက်သည်။

**(နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အကြံပြုချက် စာတမ်းများကို ဆက်လက်ဖော်ပြ သွားပါမည်။)** (သတင်းစဉ်)

# ပထမအကြိမ် ယာဉ်နှင့်လမ်းစည်းကမ်း အသိပညာပေးပြပွဲ နေပြည်တော်၌ တတိယနေ့ဆက်လက်ခင်းကျင်းပြသ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီက ကြီးမှူးကျင်းပသည့် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ တတိယနေ့ကို ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့ဆက်လက်ပြသရာ အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်းနှစ်သောင်းကျော်တို့ လာရောက်ကြည့်ရှု လေ့လာကြသည်။

## ကြည့်ရှုအားပေး

ပြပွဲကို နံနက် ၇နာရီမှစတင်၍ ပြသလျက်ရှိရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး နှင့် တာဝန်ရှိသူများ လာရောက်၍ ကြည့်ရှုအားပေးကြသည်။

ယင်းပြပွဲ ကျင်းပရာ ပျဉ်းမနားမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာပုံခန်းမ၌လည်း အခြေခံပညာ အထက်တန်း၊ အခြေခံပညာ အလယ်တန်းအဆင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါ ပြပွဲသည် ကျောင်းသားကျောင်းသူများ၊ ပြည်သူများ၊ ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဗဟုသုတများကို တိုးပွားမှုရှိစေမည်ဖြစ်သည်။

ပြပွဲတွင် ခရိုင်ကျန်းမာရေးဦးစီးဌာန ပြခန်း၌ ဘတ်စ်ကားစီးခရီးသည်များ လိုက်နာရန် စည်းကမ်းများ၊ ကုန်တင်ယာဉ်များ သတိပြုလိုက်နာရန် စည်းကမ်းများနှင့် ယာဉ်တိုက်မှုဖြစ်ခြင်း အကြောင်းအရာများပြကွက်၊ "မူးရင်မမောင်းနဲ့၊ မောင်းရင် မမူးနဲ့" စသည့် အသိပေး၊ ပညာပေးဓာတ်ပုံပြကွက်နှင့် စာတန်းများ၊ ခြေကျင်လျှောက်သူများ လိုက်နာရန်နှင့် စက်ဘီးစီးသူများ၊ မော်တော်ဆိုင်ကယ် စီးသူများ၊ စင်းလုံးငှားယာဉ်များ (တက္ကစီသုံးဘီး) မော်တော်ယာဉ်များ စသည်တို့ လိုက်နာရန် ယာဉ်စည်းကမ်းများကိုလည်း ဓာတ်ပုံ၊ ပန်းချီစာတန်းများဖြင့် ပြသထားသည်။

## ကညနပြခန်း

ထို့အပြင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနပြခန်း၌ ၎င်း၏ လုပ်ငန်းတာဝန်များ၊ အများပြည်သူများဆိုင်ရာ လမ်းများပေါ်တွင် အသုံးပြုသော မော်တော်ယာဉ်များ အန္တရာယ်ကင်းရန် စစ်ဆေးခြင်း၊ ယာဉ်မောင်းသူအား လိုင်စင်စစ်ဆေးခြင်းနှင့် ယာဉ်မှတ်ပုံတင် ထုတ်ပေးခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်မှုများကို ဓာတ်ပုံကားချပ်၊ စာတန်းများ၊ ပန်းချီကားချပ်များဖြင့် ပြသထားသည်။

## ပညာရေးပြခန်း

အလားတူ ပညာရေးဝန်ကြီးဌာန ပြခန်း၌ အိမ်တွင်းမှုဆိုင်ရာ ပြကွက်များ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့်ဇီဝဗေဒဆိုင်ရာပြကွက်များ၊သိပ္ပံဆိုင်ရာ အသုံးပြုကိရိယာနှင့် ပစ္စည်းများကို ခင်းကျင်း ပြသထားသည်။

## ပို့ဆောင်ရေးပြခန်း

ထို့အတူ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပို့ဆောင်ရေး စီမံကိန်း ဦးစီးဌာနပြခန်း၌ပို့ဆောင်ရေး စီမံကိန်း ဦးစီးဌာန၏ နောက်ခံသမိုင်း၊ ရည်မှန်းချက်၊ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ ဥပဒေများ၊ လုပ်ငန်းလိုင်စင်ခွန်ငွေ သတ်မှတ်နှုန်းထားများဖော်ပြချက်များနှင့်လိုင်စင်များဆိုင်ရာအဓိက စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ငန်းလိုင်စင် နှစ်စဉ်သက်တမ်းတိုးရာတွင် လိုအပ်ချက်များ စသည့် ပြကွက်များနှင့် စာတန်းများ၊ ဓာတ်ပုံသတင်းဖော်ပြချက်များကို ခင်းကျင်း ပြသထားသည်ကို တွေ့ရသည်။

အလားတူ ပုဂ္ဂလိက ပြခန်းများဖြစ်သည့် ကွန်ပျူတာ ပြခန်းများ၊ မော်တော်ယာဉ်များ၊ အထည်ဆိုင်၊ ကုန်မျိုးစုံဆိုင်၊ အလှကုန်ဆိုင်နှင့် ဝင်းသူဇာ အရောင်းဆိုင်များကိုလည်း ခင်းကျင်းပြသထားသည်။

အဆိုပါ ပြပွဲကို ဒီဇင်ဘာ၃၁ရက် အထိ ဆက်လက်ပြသသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။**

# သန်လျင်အထက(၂) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

သန်လျင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ယခင်မက်သဒစ်အထက်တန်းကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၃၁ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် အထက(၂) ရတနာခန်းမ၌ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် စစ်ကြိုခေတ်မှသည် ၂၀၀၆ ခုနှစ်အထိ ကျောင်းသားကျောင်းသူဟောင်းများအားလုံးမပျက်မကွက်တက်ရောက်ရန်နှင့် အလှူငွေများကိုလည်း ထည့်ဝင်လှူဒါန်းနိုင်ရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

# မိုလင်းဓမ္မာရုံတော်ကြီး၌ တရားစခန်းကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်း (အနောက်ပိုင်း)ပေါင်းတည်မြို့နယ် ကျုံးကျုံးကြအုပ်စု မြေနံ့သာကျောင်း မိုလင်းဓမ္မာရုံတော်ကြီး၌ လယ်တီဆရာတော်ကြီး၏ ဥပနိဿယ အတိုင်းခုနစ်ရက်အလုပ်ပေးတရားစခန်းကို မြေနံ့သာကျောင်းဆရာတော် အရှင်ကောဝိဒနှင့် မိုဃ်းကောင်းကျောင်း ဆရာတော် အရှင်ဝိလာသတို့က ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂ရက် (ပြာသိုလပြည့်နေ့)မှဇန်နဝါရီ၁၀ ရက် (ပြာသိုလပြည့်ကျော်၈ရက်)အထိ ပြသမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများသည် ဇန်နဝါရီ၁ရက် နောက်ဆုံးထား၍ ဖုန်း-၀၅၃-၃၈၄၆၅ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး**

# လွတ်လပ်ရေးရလဒ် အမြတ်ကျန်စေ

ဥက္ကာ့ခင်မှူး
(ရတနာစည်-လှိုင်လင်)




(က)

အမိမြန်မာနိုင်ငံတော်ကြီးသည် တိုင်းကြီးခုနစ်သွယ်၊ ပြည်နယ်ခုနစ်ခုဖြင့် စုဖွဲ့တည်ထောင်ထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဖြစ်သည်။ ဤနိုင်ငံကြီးအတွင်းဝယ် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော်တို့သည် သမိုင်းသက္ကရာဇ်ပေါင်းများစွာကို ဖြတ်သန်း၍ တစ်အူထုံ့ဆင်း မောင်နှမရင်းပမာ ချစ်ခင်ရင်းနှီး စည်းလုံးညီညွတ်စွာ အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြပါသည်။

အမိမြန်မာနိုင်ငံတော်ကြီး၏ အတိတ်စာမျက်နှာကို တစ်ကျော့ပြန်၍ ဖတ်ကြည့်သော် နှစ်ပေါင်းထောင်ချီလျက် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ရဲရင့်ဝင့်ကြွားသော၊ တည်ငြိမ်လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်ဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရင်ကိုကော့ ခေါင်းကိုမော့ကာ ကြော့ကြော့ရှင်းရှင်း ရပ်တည်ခဲ့သည်ကို မြင်တွေ့ရပါမည်။

ထို့အတူ ---မျက်ကန်းကြမ္မာ၏ ကြိုးဆွဲရာသို့ သဘောမကြိုက်၊ မနှစ်ခြိုက်ဘဲ အမှောင်ဆိုက်ကာ အမိမြန်မာနိုင်ငံကြီး တစ်ခုလုံး ကရုဏာမဲ့ ကိုလိုနီနယ်ချဲ့များ၏ လက်ခုပ်ထဲကရေ ဖြစ်ခဲ့ဖူးသည်။ သူ့ကျွန်ဘဝ နှစ်တစ်ရာကျော်ကာလအတွင်း တိုင်းသူပြည်သားအားလုံး ဒုက္ခနှင့်မိုးလင်း၊ ဒုက္ခနှင့်မိုးချုပ် ဒူးနှင့်မျက်ရည်သုတ်ခဲ့ရဖူးသည်။ တစ်ကြိမ် တစ်ခါတုန်းဆီက ရင်ဝကို လှံစူးသည့်ပမာ ခံခဲ့ရသည့် ကိုလိုနီနယ်ချဲ့၏ ဒဏ်ရာ၊ ဒဏ်ချက်တို့သည် ဒီတစ်သက် မမေ့ရက်စရာပင် ဖြစ်ပါတော့သည်။

(ခ)

၁၈၂၄ခုနှစ်တွင် ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံ၏ ပိုင်နက်ကို စတင်ကျူးကျော်ခဲ့ရာမှ စစ်ပွဲကြီးသုံးကြိမ် ဖြစ်ပွား ခဲ့ပြီးနောက် ၁၈၈၅ခုနှစ်တွင် အမိမြန်မာနိုင်ငံကြီး၏ ကြမ္မာသည် မိုးမှောင်ကျခဲ့ရပါတော့သည်။ ထိုအချိန်မှစ၍ တိုင်းသူပြည်သား လူအများတို့သည်လည်း သူ့ကျွန်ဘဝ ရောက်ခဲ့ရပြီး ထားရာနေ၊ စေရာသွား၊ ကျွေးရာစား အခြေအနေမျိုးဖြင့် ခိုကိုးရာမဲ့၊ အခြေမဲ့၊ အနေမဲ့ ဖြစ်ခဲ့ရပါတော့သည်။

ပတ္တမြားမှန်လျှင် နွံမနစ်ဆိုသည့် စကားအတိုင်းပင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ ကံကြမ္မာသည် မည်မျှပင် အမှောင်ဆိုက်နေစေကာမူ ရဲစွမ်းသတ္တိ ဗီဇဓာတ်ခံရှိသော ပြည်ထောင်စုဖွား သွေးချင်းညီနောင်များက နယ်ချဲ့ခုခံ တော်လှန်ရေးစစ်ပွဲ၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများ နွှဲဆင်ခဲ့သည်။ တိုက်ပွဲစဉ်တစ်လျှောက် ရန်သူနယ်ချဲ့အား ဒူးမထောက် လက်မမြှောက်ဘဲ ရဲရဲတောက် ထိုးဖောက်တိုက်ခိုက်ခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား အမျိုးမျိုးအဖုံဖုံ ညှဉ်းပန်းနှိပ်စက်ရုံမျှ အားမရနိုင်ဘဲ မြန်မာနိုင်ငံကို ကျွန်သက်ရှည်စွာ စိုးမိုးခြယ်လှယ်နိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးမှု မဏ္ဍိုင်ကြီး ပြိုလဲအောင် သွေးခွဲသပ်လျှို အုပ်ချုပ်မှုဖြင့် ဖြိုခွဲရန် လုပ်ကြံဖန်တီးခဲ့သည်မှာ ရင်နင့်စရာ၊ ရင်နာစရာ ကောင်းလှပါသည်။

ကိုလိုနီနယ်ချဲ့တို့က မည်သို့ပင် သွေးကွဲအောင် သွေးခွဲခဲ့သော်ငြားလည်း **"ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်"** ဆိုသည့် ပြည်ထောင်စု စိတ်ဓာတ်ကို အမာခံထားကာ **"ဒို့မိသားစု ပြည်ထောင်စု"** ဟူသည့် ပဓာနမဏ္ဍိုင်ကြီး ထီးထီးမတ်မတ် ခိုင်မြဲလျက်ရှိသည့် အကြောင်းကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ဝယ် ပင်လုံမြေတွင် ထင်ထင်ရှားရှား ပြသနိုင်ခဲ့ပါသည်။ ထိုသည့်နောက်၌ အမိမြန်မာနိုင်ငံကြီး၏ ဥယျာဉ်အတွင်း လွတ်လပ်ရေးပန်းပွင့်များ ငွားငွားစွင့်စွင့် လန်းလန်းပွင့်ခဲ့ပါတော့သည်။

(ဂ)

၁၉၄၈ခုနှစ်ဇန်နဝါရီလ၄ရက်နေ့သည်အမိမြန်မာနိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့သောနေ့၊ လွတ်လပ်ရေးရသောနေ့ဖြစ်သည်။ ထိုနေ့မှစ၍ အမိမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းသူပြည်သား လူအများတို့သည် ကိုယ့်ရေ၊ ကိုယ့်မြေပေါ်ဝယ် တစ်ဖန်ပြန်ကာ အခြေတင့်၍ အနေမြင့်နိုင်ခဲ့သည်။

ထိုရရှိခဲ့သော လွတ်လပ်ရေးသည်လည်း လွယ်လင့်တကူ ဆွတ်ချူ ရရှိခဲ့ခြင်းမျိုး မဟုတ်ပါ။ လွတ်လပ်ရေးရရှိရန်အတွက် နှစ်ပေါင်း ခြောက်ဆယ်ကျော် ကာလတိုင်အောင် ပြည်ထောင်စုဖွား သွေးချင်းညီအစ်ကို မောင်နှမများ၏ အသက်ပေါင်းများစွာ၊ သွေးစက်ပေါင်းများစွာ နိုင်ငံ့အတွက် စွန့်လှူခဲ့ရပါသည်။

ရရှိလာသော လွတ်လပ်ရေး၏ အထင်ကရ အထည်ဒြပ်မှာ ကိုလိုနီနယ်ချဲ့တို့၏ လုပ်ကြံဖန်တီးမှုကြောင့် ကျဆင်းနေသော အမိနိုင်ငံတော်ကြီး၏ ဂုဏ်သိက္ခာ၊ အမျိုးဘာသာ၊ သာသနာ၏ ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်နိုင်ခြင်း၊ လွတ်လပ်သော အခြားနိုင်ငံများနှင့် တန်းတူရည်တူ ဆက်ဆံနိုင်ခြင်း၊ တိုင်းတစ်ပါး၏ ဩဇာခံကျီးလန့်စာစားဘဝမှ လွတ်မြောက်ခွင့်ရရှိခြင်း၊ ကိုယ့်ရေ၊ ကိုယ့်မြေပေါ်ဝယ် ကိုယ့်သယံဇာတဖြင့် ကိုယ်ပိုင်ဘဝ တည်ဆောက်နိုင်ခြင်း၊ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်စည်းကိုယ့်ကမ်း၊ ကိုယ့်ဥပဒေပြဋ္ဌာန်းချက်နှင့် အေးချမ်းသော အရိပ်ကို ခိုလှုံခွင့်ရရှိခြင်းတို့ပင် ဖြစ်ပါသည်။

**လွတ်လပ်ရေးဆိုသည်မှာ ကိုယ်လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေ၊ ပြောချင်သလိုပြော၊ စားချင်သလိုစား၊ သွားချင်သလိုသွား၍ရသော အတ္တဝါဒီ၊ တစ်ကိုယ်ကောင်းဆန် လုပ်ရပ်များ၊ စည်းလွတ်၊ ဘောင်လွတ်၊ ဥပဒေလွတ် နေထိုင်ခြင်းမျိုးများ မဟုတ်ပါ။**

အသားထဲက လောက်ထွက်နေကြသော လူစားတို့ ခံယူနေကြသည့်အတိုင်း **လွတ်လပ်ရေးဆိုသည်မှာ ကိုယ်လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေ၊ ပြောချင်သလိုပြော၊ စားချင်သလိုစား၊ သွားချင်သလိုသွား၍ရသော အတ္တဝါဒီ၊ တစ်ကိုယ်ကောင်းဆန်လုပ်ရပ်များ၊ စည်းလွတ်၊ ဘောင်လွတ်၊ ဥပဒေလွတ် နေထိုင်ခြင်းမျိုးများ မဟုတ်ပါ။**

လွတ်လပ်သော နိုင်ငံအတွင်းဝယ် မိမိတို့၏ အမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ ဥပဒေများချမှတ် ပြဋ္ဌာန်းထားကြသည်။ ဥပဒေဘောင်အတွင်း နေထိုင်သူအားလုံးကို ထိုက်သင့်သည့် အခွင့်အရေးများ ပေးထားသလို ဥပဒေအပြင်ဘက်မှ ဂိုဏ်းဂဏထောင် ရှူးချင်ယောင်ဆောင်သော လူ့ဗာလ၊ လူ့အန္ဓ၊ လူ့ခွစာများကိုလည်း ထိုက်ထိုက်တန်တန် အပြစ်ဒဏ်ပေးလေ့ ရှိပါသည်။

ကိုလိုနီနယ်ချဲ့လက်အောက် သူ့ကျွန်သပေါက်အဖြစ် ၁၂၃ နှစ်ကျော် နွံနစ်ခဲ့ရပြီး အခက်အခဲ၊ အကျပ်အတည်းပေါင်း များစွာကို ရင်ဆိုင်တိုးဖေ့ာကာ ဒုက္ခမီးညွန့်၊ မီးလျှံများအကြားဝယ် မျိုးချစ်သူရဲကောင်းများ၏ စွမ်းအားသတ္တိကြောင့် တစ်မျိုးသားလုံး လွတ်လပ်ရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်ခဲ့ကြပါသည်။

သို့သော်လည်း အမိမြန်မာနိုင်ငံတော်ကြီး၏ ကံကြမ္မာသည် ကောင်းတစ်ခါ၊ ဆိုးတစ်လှည့်ရယ်နှင့် ဖြစ်ပျက်ပြောင်းလဲမှု သံသရာရပ်ဝန်းထဲ စုန်ချီ၊ ဆန်ချီ၊ တက်ချီ၊ ကျချီ အလီလီအဝဝသော လောကဓံကောင်းဆိုးများကို ဖြတ်သန်းခဲ့ရသည်မှာ အတိတ်သမိုင်းများစွာတို့က သက်သေခံလျက် ရှိနေပါသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

**သမိုင်းပေးတာဝန်ကို ဦးလည်မသုန် ထောင့်စုံ၊ ကဏ္ဍစုံ ထမ်းဆောင်ခဲ့သော တပ်မတော်အစိုးရသည် မိမိတို့၏ ရင်ခွင်ကြားက သမီးသားပမာ မိမိတို့၏ အရိပ်အာဝါသကို ခိုလှုံနေကြသော တိုင်းသူပြည်သားတို့၏ အကျိုးစီးပွား၊ ချမ်းသာသုခ အဝဝအဖုံဖုံ ပြည့်စုံပြီးမောက်အောင် ဖော်ဆောင်ပေးခဲ့။**

**ယနေ့ တပ်မတော်အစိုးရသည် အတိတ်သမိုင်းမှ သင်ခန်းစာများကိုယူကာ မိမိတို့ အမိမြန်မာနိုင်ငံတော်ကြီး၏ အခြားသော နိုင်ငံများထက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေသေးသည့် ပကတိအခြေအနေမှန်ကို အခြေခံလျက် ပြုပြင်ပြောင်းလဲ ဖြည့်စွမ်းမှုအဖုံဖုံကို ရှက်စုံဖွင့်၊ တက်ကုန်လွှင့်ကာ ကဏ္ဍစုံမြှင့်တင်ပြီး နိုင်ငံ့တစ်ခွင် သစ်လွင်လှပ ပြည့်စုံကြွယ်ဝအောင် ဖော်ဆောင် ပေးလျက်ရှိနေ။**

30-12 (04) 1 12/30/06, 3:02 AM

# လွတ်လပ်ရေးနေ့တွင် ေလှာ်ကားဥယျာဉ်ဖွင့်ထားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက် (ဘဏ္ဍာရီးအီးဒ်နေ့)နှင့် ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့) များတွင် အများပြည်သူများ ပျော်ရွှင် ချမ်းမြေ့စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား မည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



# (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

စာမျက်နှာ ၄ ဆောင်းပါးမှ

နိုင်ငံ့အတွင်း လွတ်လပ်ရေးအရဏ်ကျင်း၍ အလင်းဖြာစ အချိန်လေးမှာပင် ပြည်တွင်းသောင်းကျန်းမှုစစ်ပွဲဖြစ်ပြီး နိုင်ငံကြီး တစ်ခုလုံး စစ်တလင်းပြင် ဖြစ်ခဲ့ရပြန်သည်။ ၁၉၈၈ခုနှစ်ဝယ် ပြည်တွင်း၊ ပြည်ပ အမှောင့်ပယောဂများကြောင့် ရပ်ရွာအေးချမ်း တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုများ၊ ပျက်သုဉ်းကာ တိုင်းဆူပြည်ပျက် မီးကြီး ညီးညီးတောက် လောင်ကျွမ်းခဲ့ပြန်သည်။

ထိုကာလအတွင်း အဓမ္မ ဆူပူအကြမ်းဖက်မှုများ ကျင့်သုံးကြ၊ ကိုယ့်လူမျိုးအချင်းချင်း ခေါင်းဖြတ်သတ်ကြ၊ ဒီမိုကရေစီအသံ ပွက်လောညံအောင် အော်ကြ၊ ဟစ်ကြ၊ ကြားဖြတ်အစိုးရအာဏာတွေ တောင်းကြနှင့် တိုင်းပြည်ကြီးတစ်ခုလုံး ဝရုန်းသုန်းကား ထိန်းမနိုင်၊ သိမ်းမရ ပြာကျလုအံ့ဆဲဆဲတွင် **“တာဝန်သိသူ၌ တာဝန်ရှိသည်”** ဆိုသည့်အတိုင်း တာဝန်သိသော တပ်မတော်က နိုင်ငံ့တာဝန်ကို ပခုံးထက်တင်၍ တစ်မျိုးသားလုံး၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုး တိုးတက်ရေးကို မဖင့်မနွှေး လုပ်ပေးခဲ့သည်။ ကျေးဇူးပြုခဲ့သည်။

ထိုအချိန်မှစ၍ **သမိုင်းပေးတာဝန်ကို ဦးလည်မသုန် ထောင့်စုံ၊ ကဏ္ဍစုံ ထမ်းဆောင်ခဲ့သော တပ်မတော်အစိုးရသည် မိမိတို့၏ ရင်ခွင်ကြားက သမီးသားပမာ မိမိတို့၏ အရိပ်အာဝါသကို ခိုလှုံ နေကြသော တိုင်းသူပြည်သားတို့၏ အကျိုးစီးပွား၊ ချမ်းသာသုခ အဝဝ အဖုံဖုံ ပြည့်စုံဖြိုးမောက်အောင် ဖော်ဆောင်ပေးခဲ့**ပါသည်။

**ယနေ့ တပ်မတော်အစိုးရသည် အတိတ်သမိုင်းမှ သင်ခန်းစာ များကို ယူကာ မိမိတို့ အမိမြန်မာနိုင်ငံတော်ကြီး၏ အခြားသော နိုင်ငံများထက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေသေးသည့် ပကတိအခြေအနေမှန်ကို အခြေခံလျက် ပြုပြင်ပြောင်းလဲ ဖြည့်စွမ်းမှု အဖုံဖုံကို ရွက်စုံဖွင့်၊ တက်ကုန်လှွင့်ကာ ကဏ္ဍစုံမြှင့်တင်ပြီး နိုင်ငံ့ တစ်ခွင် သစ်လွင်လှပ ပြည့်စုံကြွယ်ဝအောင် ဖော်ဆောင်ပေးလျက် ရှိနေ**ပါသည်။

ထိုသို့ ဖော်ဆောင်ရာတွင် အမြော်အမြင်ကြီးမား၊ အသိဉာဏ် မြင့်မားသည့် ခေါင်းဆောင်ကြီးများ၏ ညွှန်ကြားမှု၊ လမ်းညွှန်မှု အောက်တွင် နောက်ကျကျန်ရစ် အားနည်းချို့တဲ့မှုများ ရှိသည့် နေရာဒေသတိုင်းတွင် တိုင်းပြည်နှင့်လူမျိုးအတွက် လိုအပ်ချက် ဟူသမျှကို နေ့မအားညမနား အရှိန်အဟုန်ကြီးမားစွာ ဖြည့်ဆည်း လုပ်ကိုင်ပေးလျက်ရှိသည်။

တပ်မတော်အစိုးရက ဘာတွေလုပ်ပေးနေသလဲဆိုလျှင် ကြည့်တတ်က မြင်ပါသည်။ တပ်မတော်အစိုးရသည် မိမိတို့၏ ပခုံးထက်၌ ကျရောက်လာသော နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင် ခဲ့စဉ်မှစ၍ အမျိုးသားစည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပထမအဆင့် ဦးစားပေး လုပ်ငန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ထိုရလဒ်ကောင်းနှင့်အတူ အမျိုးသားစီးပွားရေးဘဝ ခိုင်မာ တောင့်တင့်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာ စေဖို့အတွက်နှင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှု သာတူညီမျှ ဖြစ်ရေးအတွက် ဖွံ့ဖြိုးရေး အထူးဒေသကြီး၂၄ခုစီမံကိန်းချမှတ်ကာ ဒေသတွင်း တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာ ကောလိပ်၊ ခုတင်(၂၀၀)အထူးကုဆေးရုံကြီးများကို တည်ဆောက်ပေး ခဲ့သည်။

ထို့အပြင် ပြည်သူအများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ် ချမ်းသာမှုအတွက် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင် ရေး၊ ကုန်သွယ်ရေး၊ စီမံရေးလုပ်ငန်းများ၊ တိုင်းပြည်၏မျိုးဆက်သစ် သားကောင်း သမီးမွန်များ၊ စိတ်ပိုင်းဆိုင်ရာ လိမ္မာဖွံ့ဖြိုးမှုအတွက် ပညာရေး၊ ကျန်းမာရေး၊ အသိဉာဏ်ပညာ၊ ဗဟုသုတတိုးပွားရေး တို့ကိုလည်း ဖြည့်စွမ်း ဖော်ဆောင်ပေးလျက် ရှိနေပါသည်။

လွတ်လပ် တည်ငြိမ်အေးချမ်းလျက်ရှိသော အမိမြန်မာ နိုင်ငံတော်ကြီး နောက်ထပ်တစ်ဖန် လွတ်လပ်ရေးမဆုံးရှုံးရအောင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲ ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် သမိုင်းပေးတာဝန်ကို မဆုတ် မနစ် ထမ်းဆောင်လျက်လည်း ရှိနေပါသည်။

တိုင်းသူပြည်သား လူအများတို့ ရည်မျှော်တောင့်တလျက် ရှိသည့် ခေတ်မီဖွံ့ဖြိုး၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာဖို့ရန်လည်း ခိုင်မာသော အခြေခံဥပဒေတစ်ရပ်ကို ပြည်သူတို့၏ဆန္ဒနှင့်အညီ ရေးဆွဲအတည်ပြု နိုင်ရန် အမျိုးသားညီလာခံ သဘင်ကြီးကိုလည်း သိုက်သိုက်ဝန်းဝန်း၊ ခမ်းခမ်းနားနားကျင်းပလျက် ရှိသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ၌ ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စား လှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ် များ၊ ဥပဒေဘောင် အတွင်းဝင်ရောက်လာပြီး ငြိမ်းချမ်းရေးရယူ ထားသည့် တိုင်းရင်းသား အဖွဲ့ ၁၇ ဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သော အမျိုးသားညီလာခံကြီး ၌ အနာဂတ် မြန်မာနိုင်ငံတော်အတွက် အခြေခံမူများကို ညှိနှိုင်း ချမှတ်တိုင်ပင်လျက် ရှိနေပါသည်။

မကြာတော့သော အနာဂတ်ဝယ် အမျိုးသားညီလာခံ အစည်း အဝေးကြီး၏ အောင်မြင်မှုရလဒ်နှင့်အတူ ပြည်သူအများ၏ အနာဂတ် မျှော်မှန်းချက်သည်လည်း နိုင်ငံ့အတွင်း၌ပင် လင်းလက် တောက်ပ တော့မည်ဖြစ်ကြောင်း အတိတ်တဘောင်နိမိတ်ဆောင်လျက် ရှိနေ ပါသတည်း။ ။

## လွတ်လပ်ရေးဆိုသည်မှာ

✡ လွတ်လပ်ရေးဆိုသည်မှာ . . . ။
ရှိနေစဉ် မသိသာလှပေမယ့်
မရှိလေလျှင် သိသာလှ
ဒုက္ခကွန်ချာ။
ကျွန်အဖြစ် နှံ့နှစ်ပါ
အသည်းနာစရာအလွန်ကောင်း။
ကိုယ့်ဆန်ကို ကိုယ်မစားရပေဘူး
ကိုယ်ခြံမှာ ကိုယ်မနားရပေဘူး
တစ်ပါးသူပြုသမျှ
နုရပေကြောင်း။

✡ လွတ်လပ်ရေးဆိုသည်မှာ . . .။
အမှုမဲ့ မနေလိုက်ပါနဲ့
အမှတ်မဲ့ မနေလိုက်ပါနဲ့
နေလိုက်လျှင် မထင်မှတ်ပါဘဲ
ဖျတ်ခနဲဆို သူ့လက်တွင်း
သက်ဆင်းရပါ။
ပြန်ရဖို့ အချိန်မှာ
ရှည်ကြာလှနှစ်ပေါင်း။
မြောက်မြားစွာ အသက်သွေးတွေ
ပေးဆပ်ရကြောင်း။

✡ လွတ်လပ်ရေးဟူသည်မှာ . . .။
နိုင်ငံသူ နိုင်ငံသားတိုင်း
နိုးကြား အတွေး ရှင်သန်လို့
အမျိုးသားရေး အမြင်မှန်လို့
တစ်ကျော့ပြန် တစ်ဖန်မပျောက်အောင်
စောင့်ရှောက်ရမှာ။
မြန်မာရဲ့ အချုပ်အခြာအာဏာ
မြန်မာသာပိုင်စေဖို့။
တိုင်းရင်းသား ပြည်သူတို့
ရိုင်းပင်းအား ညီတူလို့
ရှေ့တူရူ ခရီးဆက်မယ်
တွဲလက်ခိုင်စို့။ ။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက် –

**စိုးမိုး–ပုသိမ်**

# နိုင်ငံတော်အစိုးရနှင့် အာဏာမတည်မီ ချုပ်ဆိုခဲ့သော ပဋိညာဉ်များအပေါ် အစိုးရအား တရားစွဲဆိုနိုင်ပြီး အစိုးရကလည်း ပြန်လည်တရားစွဲဆိုနိုင်



ရန်ကုန် ဒီဇင်ဘာ ၂၉

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဒီဇင်ဘာ၂၇ ရက်က ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–**

**(ယမန်နေ့ကအဆက်)**

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်းများအနက် **"အထွေထွေပြဋ္ဌာန်းချက်များအခန်း"**နဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာနိုင်ငံအနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော် ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်တဲ့ ပင်မဥပဒေဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ရပ်ဟာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို မည်သို့မည်ပုံ ခွဲဝေကျင့်သုံးမယ်ဆိုတာကို လည်းကောင်း၊ နိုင်ငံတော်က ကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် စသည်တို့ကိုလည်းကောင်း ဖော်ပြပါရှိတဲ့ နိုင်ငံအတွင်းရှိ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင်ဥပဒေ ဖြစ်တဲ့အတွက် အခြားဥပဒေအားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်း ထားကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာပါဝင်မယ့် နိုင်ငံတော် အခြေခံမူများကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ (၁၆)ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက နိုင်ငံတော်အခြေခံမူများ ချမှတ်စဉ် အခါက အထွေထွေပြဋ္ဌာန်းချက်များနဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့မူများအနက်–

**"(၁) မြန်မာစာသည် ရုံးသုံးစာဖြစ်သည်၊**

**(၂) နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေ ပြဋ္ဌာန်းရာတွင် လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက် အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များ ဖြစ်သည်"** လို့ပါရှိပါတယ်။

နိုင်ငံတော်အခြေခံမူများကို မြန်မာနိုင်ငံရဲ့ သဘာဝအနေအထား၊ ဖြစ်ပေါ်ခဲ့တဲ့သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေရှိပြီး အနာဂတ်ကာလမှာ နိုင်ငံတော်ပိုမိုစည်ပင်အေးချမ်းသာယာရေးနဲ့ နိုင်ငံရေး တည်ငြိမ်မှုရှိရေးတို့အတွက် ဘက်ပေါင်းစုံမှ ရည်မျှော်စဉ်းစားပြီး ချမှတ်ခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီအတွက် နိုင်ငံတော်အခြေခံမူများကို ဥပဒေ ပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာမှာ လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အခြားဥပဒေတွေရဲ့ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာမှာလည်းကောင်း လိုက်နာရမယ့် လမ်းညွှန်များအဖြစ် အခြေပြုရခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အခြေခံမူများဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက် များကို လည်းကောင်း၊ အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာ လမ်းညွှန်များဖြစ်ကြောင်း မြန်မာနိုင်ငံရဲ့ ၁၉၇၄ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် နိုင်ငံအချို့ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာ ထည့်သွင်းပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာသာမက ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါ မြန်မာစာကို ရုံးသုံးစာအဖြစ် ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ လက်တွေ့မှာလည်း မြန်မာစာကို နိုင်ငံတော် အတွင်း နေရာဒေသအနှံ့အပြားမှာ သုံးစွဲလျက်ရှိကြပါတယ်။ နောင်တွင်လည်း ပြည်သူများနဲ့အစိုးရအဖွဲ့အစည်းများ ဆက်သွယ်ရာမှာလည်းကောင်း၊ အစိုးရ အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ရာမှာလည်းကောင်း တညီတညွတ်တည်း ဖြစ်စေရန်နဲ့ အယူအဆမကွဲပြားစေဘဲ ရှင်းလင်းလွယ်ကူစေရန် မြန်မာစာကို ရုံးသုံးစာအဖြစ် သတ်မှတ်သင့်တဲ့အတွက် **"မြန်မာစာသည် ရုံးသုံးစာဖြစ်သည်"** လို့ အခြေခံရမယ့်မူ ချမှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းတဲ့အခါမှာ မြန်မာစာဖြင့် ပြုစုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းကြမှာ ဖြစ်ပါ တယ်။ အဲဒီလို အတည်ပြုပြဋ္ဌာန်းပြီးနောက် မြန်မာစာမူအပြင် အင်္ဂလိပ်ဘာသာ နဲ့ဖြစ်စေ၊ လိုအပ်လျှင် အခြားဘာသာများနဲ့ဖြစ်စေ ဘာသာပြန်ဆိုတဲ့ စာမူ များလည်း ရှိနိုင်ပါတယ်။ အဲဒီလို အခြားဘာသာပြန်စာမူများ မည်သို့ပင်ရှိစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မြန်မာစာဖြင့် ရေးသားထားတဲ့စာမူကိုသာ အတည်ပြု ပြဋ္ဌာန်းမှာ ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုဖို့အကြောင်း ပေါ်ပေါက်လာရင်လည်း မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမှာဖြစ်ကြောင်း သုံးသပ်ရရှိ ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ၁၉၇၄ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ မှာလည်း အလားတူပြဋ္ဌာန်းချက်များပါရှိတာကို လေ့လာတွေ့ရှိရပါတယ်လို့ ရှင်းပြထားတာကို သဘောပေါက်လက်ခံကြပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် အဲဒီဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ ပါရှိတဲ့စကားရပ် တစ်ခုဟာ မည်သည့်အနက်အဓိပ္ပာယ်ကို ဆောင်ကြောင်း အနက်အဓိပ္ပာယ်ဖွင့် ဆိုပေးဖို့ အခြေအနေမျိုးပေါ်ပေါက်ကောင်း ပေါ်ပေါက်နိုင်ပါတယ်။ အတည်ပြု ပြဋ္ဌာန်းပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်တစ်ခုရဲ့ အနက်အဓိပ္ပာယ်ဟာ မည်သည့်အဓိပ္ပာယ်ကို ဆိုလိုကြောင်း သီးခြားဖွင့်ဆိုထားခြင်းမရှိခဲ့ရင် အဲဒီ စကားရပ်ရဲ့အနက်အဓိပ္ပာယ်ကို ကောက်ယူရာမှာ ကိုးကားဖို့ ဥပဒေတစ်ရပ် လိုအပ်မှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံက ချမှတ်ပေးတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများအရ ရေးဆွဲပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ လိုအပ်လာရင်လည်း တည်ဆဲ ဥပဒေတစ်ရပ်ဖြစ်တဲ့ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို ကိုးကား သင့်ပါတယ်။



**ဖတ်ကြား**

**ကယားပြည်နယ်မှ ကိုယ်စားလှယ် ဦးတင်ဦး တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အဲဒီနိုင်ငံရဲ့ သမိုင်းမှတ်တိုင် တစ်ခု ဖြစ်ပါတယ်။ မော်ကွန်းအဖြစ် သတ်မှတ်ရမယ့် သမိုင်းအထောက်အထား ဖြစ်တာကြောင့် သမိုင်းတန်ဖိုးကြီးမားလှတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့စာမူကို နှစ်ကာလသက်တမ်းကြာမြင့်စွာ မပျက်မစီးအောင် ထိန်းသိမ်းထားနိုင်ဖို့ လိုအပ် လှပါတယ်။ မိမိတို့နိုင်ငံတွင် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေတစ်ရပ် ပြဋ္ဌာန်းထားရှိပြီးဖြစ်လို့ အဲဒီဥပဒေအရ အမျိုးသားမှတ်တမ်းများနဲ့ မော်ကွန်းများကို တစုတစည်းတည်း လုံခြုံစွာ မပျက်မစီး ထိန်းသိမ်းထားနိုင်ရေးအတွက် စီမံ ဆောင်ရွက်လျက်ရှိတဲ့နည်းတူ နောင်တွင်လည်း ပြည်သူ့ဆန္ဒနဲ့ အတည်ပြုပြဋ္ဌာန်း မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မြန်မာစာမူတစ်ခုကိုလည်း အမျိုးသားမော်ကွန်း တိုက်မှာ မော်ကွန်းတင်ထားရှိသင့်ပါတယ်။ အဲဒီစာမူဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ တည်မှာဖြစ်ပါတယ်။

နိုင်ငံတော်အခြေခံမူများသတ်မှတ်ရေးအတွက် အခြေခံရမယ့်မူတွေကို ချမှတ်စဉ်က စီးပွားရေးနဲ့စပ်လျဉ်းပြီး–

**"နိုင်ငံတော်သည် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့ အစည်းများ၊ ဖက်စပ်အဖွဲ့ အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်"** လို့ အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။

အဲဒီလိုအခြေခံရမယ့်မူချမှတ်ခဲ့တဲ့ အဓိကရည်ရွယ်ချက်က အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေး လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခွင့်ပြုကြောင်း နိုင်ငံတော်က အာမခံခြင်း ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ နိုင်ငံတော်ရဲ့အခြေအနေအရ နိုင်ငံတော်ကသာ လုပ်ကိုင်ဆောင်ရွက်ဖို့လိုအပ်တဲ့ စီးပွားရေးလုပ်ငန်းများလည်း ရှိနေမှာဖြစ်ပါတယ်။ ယခုအခါ **"နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ"**အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်မယ့် စီးပွားရေးလုပ်ငန်းများကို သတ်မှတ်ပြဋ္ဌာန်းထား ရှိပါတယ်။ ဒါပေမယ့် အဲဒီဥပဒေအရ နိုင်ငံတော်အစိုးရကသာ လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိကြောင်း သတ်မှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေအနက် လုပ်ငန်းတစ်ခုခုကို နိုင်ငံတော်ရဲ့အကျိုးစီးပွားအလို့ငှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက အစိုးရနဲ့ဖက်စပ်လုပ်ကိုင်ရန် ဖြစ်စေ၊ စည်းကမ်း သတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ ခွင့်ပြုနိုင်ကြောင်း ထည့်သွင်း ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

အခုဆိုရင် နိုင်ငံတော်အစိုးရနဲ့ အကျိုးတူဖက်စပ်ဖြစ်စေ၊ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ စည်းကမ်းများနဲ့အညီဖြစ်စေ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များနဲ့ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ စီးပွားရေးလုပ်ငန်း အများအပြား ရှိနေပြီဖြစ်ပါတယ်။ နောင်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ပြု ပြဋ္ဌာန်းပြီးတဲ့ အခါမှာလည်း ပေါ်ပေါက်လာမယ့် ပြည်ထောင်စု အစိုးရက ဆောင်ရွက်ရမယ့် စီးပွားရေးလုပ်ငန်းကိစ္စများရှိမှာဖြစ်သလို တိုင်းဒေသကြီး အစိုးရ သို့မဟုတ် ပြည်နယ်အစိုးရကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် များနဲ့အညီ ခွဲဝေဆောင်ရွက်စေသင့်တဲ့ စီးပွားရေးလုပ်ငန်းများလည်း ရှိလာမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော် အကျိုးစီးပွားအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို လုပ်ကိုင်ဆောင်ရွက်ခွင့် ပေးအပ်သင့်တဲ့ အခြေအနေများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါ့အပြင် သမဝါယမအဖွဲ့ အစည်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို အခြေအနေပေးရင် ပေးသလို လုပ်ကိုင်ဆောင်ရွက်ခွင့် ပေးအပ်ဖို့ အခြေအနေ မျိုးများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုးပေါ်ပေါက် လာခဲ့ရင် နိုင်ငံတော်ရဲ့အကျိုးစီးပွားအလို့ငှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကဖြစ်စေ၊ သမဝါယမအဖွဲ့အစည်း သို့မဟုတ် စီးပွားရေး အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး တို့ကဖြစ်စေ အစိုးရနဲ့ဖက်စပ်လုပ်ကိုင် ဆောင်ရွက်နိုင်ရန် သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ပေးသင့်တယ်လို့ သုံးသပ်ရရှိကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များ၊ သဘော တူညီချက်များရှိပါတယ်။ ထို့အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ လက်ထက်မှာလည်း အာဆီယံနိုင်ငံများအပါအဝင် အခြားနိုင်ငံအစိုးရ များနဲ့ စာချုပ်များ၊ သဘောတူညီချက်များ ချုပ်ဆိုဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို နိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များမှ ပေါ်ထွက်လာတဲ့ တရားမျှတသည့် တာဝန်များကို အခြားနိုင်ငံက ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်းပြီး ထားရှိ အပ်တဲ့ ပဋိညာဉ်များကို လေးစားပါက နောင်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့လည်း လေးစားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ အခြားနိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ အလားတူ ပြဋ္ဌာန်းချက်များ ပါရှိတာကို လေ့လာတွေ့ရှိရပါတယ်လို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားချက်အရ ထားရှိအပ်သော ပဋိညာဉ်များနဲ့ပတ်သက်၍ ရှင်းလင်းစွာ သိရှိနားလည်ကြရပါတယ်။

ဤဖွဲ့စည်းပုံ အခြေခံဥပဒေသစ် အာဏာမတည်မီက ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရနဲ့ ချုပ်ဆိုထားခဲ့တဲ့ ပဋိညာဉ်များနဲ့ စပ်လျဉ်းလို့ဖြစ်စေ၊ တာဝန်များနဲ့ စပ်လျဉ်းလို့ဖြစ်စေ နစ်နာဆုံးရှုံးမှုအတွက် ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရအပေါ် တရားစွဲဆိုနိုင်တဲ့ အခွင့်အရေးအရ တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်ခဲ့ရင် အဲဒီအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဖွဲ့စည်းတဲ့ ပြည်ထောင်စုအစိုးရအား တရားစွဲဆိုခွင့်ပေးသင့်ပါတယ်။ အလားတူပဲ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေးကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက ရရှိခဲ့ရင်လည်း အဲဒီအခွင့်အရေးအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သက်ဆိုင်ရာအပေါ် တရားစွဲဆိုခွင့်ရရှိစေသင့်ပါတယ်။ အဲဒီလိုအခွင့်အရေးများကို ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေများမှာလည်း ပြဋ္ဌာန်းထားရှိတာကို လေ့လာတွေ့ရှိရပါတယ်။

ထိုနည်းတူစွာပင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ် လာမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေနဲ့လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ အမည်နဲ့ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေး ရရှိစေသင့်ပြီး တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမှာဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာ လည်း အလားတူ ပြဋ္ဌာန်းချက်များပါရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက ချမှတ်ထားခဲ့ပြီးဖြစ်တဲ့ အထွေထွေ ပြဋ္ဌာန်းချက် များနဲ့စပ်လျဉ်းတဲ့ မူများထဲမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး တစ်ရုံးဖွဲ့စည်းဖို့နဲ့ ခုံရုံးကဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များလည်း ပါရှိ ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ် လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စု၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

## ပြည်ထောင်စုအစိုးရအဖွဲ့ကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်း တစ်ခုခုကို တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့ များ၊ သမဝါယမ အဖွဲ့အစည်း၊ စီးပွားရေး အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂလိက တစ်ဦးဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ဖြစ်စေ၊ ဖက်စပ်လုပ်ကိုင်ရန် ဖြစ်စေ ခွင့်ပြုနိုင်။

**စာမျက်နှာ ၆ မှ**

တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်းဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များ ဆောင်ရွက်ခြင်းတို့ပြုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးကို ဖွဲ့စည်းမည်'' အဲဒီ အခြေခံရမယ့် မူများတွင် ပါရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးရဲ့ လုပ်ငန်းတာဝန်များအဖြစ် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရာမှ ဆီလျော်သလို ပြောင်းရွှေ့ဖော်ပြပေးသင့်တဲ့အပြင် ပြည်ထောင်စုနယ်မြေများနဲ့ စပ်လျဉ်းတဲ့ အကြောင်းကိစ္စရပ်များ ပေါ်ပေါက်လာလို့ နိုင်ငံတော်သမ္မတက အကြောင်းကြားလာရင် စိစစ်ဆုံးဖြတ်ပေးနိုင်ဖို့လည်း ထည့်သွင်းသတ်မှတ်ပေးသင့်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တရားရုံးများသည် ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများကို တည်ဆဲဥပဒေများနဲ့အညီ စစ်ဆေးစီရင်ကြရပါတယ်။ အဲဒီလိုစစ်ဆေးတဲ့အခါ တရားရုံးတစ်ရုံးက မိမိစစ်ဆေး စီရင်တဲ့အမှုတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ အငြင်းပွားမှုပေါ်ပေါက်လာရင် အဲဒီ အငြင်းပွားမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကသာ အဆုံးအဖြတ်ပေးသင့်ပါတယ်။ တရားရုံးအနေနဲ့ မိမိစစ်ဆေးတဲ့အမှုကို ရပ်ဆိုင်းထားပြီး မိမိရဲ့ ထင်မြင်ချက်ကို သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ အဆုံးအဖြတ်ရယူရန် တင်ပြသင့်ပါတယ်။ အငြင်းပွားမှုနဲ့ စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ဆုံးဖြတ်ချက်သည် အမှုအားလုံးနဲ့ သက်ဆိုင်သင့်တဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေသင့်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လုပ်ငန်းတာဝန်ကို တင်သွင်းရာမှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့တိုက်ရိုက်တင်သွင်းခွင့်ရှိသင့်ပါတယ်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် (သို့မဟုတ်) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ အနည်းဆုံး (၁၀)ရာခိုင်နှုန်း အရေအတွက်ရှိတဲ့ ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ တင်သွင်းတဲ့ကိစ္စမှာ တိုက်ရိုက်တင်သွင်းခွင့်မပေးဘဲ သတ်မှတ်ထားသည့် နည်းလမ်းများနဲ့အညီသာ တင်သွင်းခွင့်ရှိသင့်ကြောင်း ရှင်းပြချက်ကို ကျွန်တော်တို့အစုအဖွဲ့က သဘောတူ လက်ခံကြပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့်လည်း အထွေထွေပြဋ္ဌာန်းချက်များ အခန်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါအချက်များ ပါရှိခြင်းကြောင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါတယ်လို့ သဘောရရှိကြပါတယ်–

**(က)** **ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံအတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်ခြင်း၊**

**(ခ)** **မြန်မာစာသည် ရုံးသုံးစာဖြစ်ခြင်း၊**

**(ဂ)** **အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များ ဖြစ်ခြင်း၊**

**(ဃ)** **မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင် အခြေပြုပြဋ္ဌာန်းထားရှိခြင်းနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆို၍ ဥပဒေကို ကိုးကားနိုင်ခြင်း၊**

**(င)** **မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် ထားရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ၌တည်ခြင်း၊**

**(စ)** **ပြည်ထောင်စုအစိုးရအဖွဲ့ကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုကို တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့များ၊ သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂလိကတစ်ဦးဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့်ဖြစ်စေ၊ ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ ခွင့်ပြုနိုင်ခြင်း၊**

**(ဆ)** **အခြေခံဥပဒေ အာဏာမတည်မီကာလ အခြားနိုင်ငံအစိုးရတို့နှင့် ချုပ်ဆိုခဲ့သော စာချုပ်များ၊ သဘောတူညီချက်များကို အပြန်အလှန် လေးစားလိုက်နာခြင်း၊**

**(ဇ)** **နိုင်ငံတော်အစိုးရနှင့် အာဏာမတည်မီ ချုပ်ဆိုခဲ့သော ပဋိညာဉ်များအပေါ် အစိုးရအားတရားစွဲဆိုနိုင်ခြင်း၊ အစိုးရမှလည်း ပြန်လည်တရားစွဲဆိုနိုင်ခြင်း၊**

**(ဈ)** **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကို သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအား ရွေးချယ်ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ခြင်း၊ သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က သုံးဦးစီဖြင့် စုစုပေါင်း ကိုးဦးကို တာဝန်ပေးအပ်နိုင်ခြင်း၊**

**(ည)** **ခုံရုံးအဖွဲ့ဝင်များသည် တရားမျှတမှုရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံရေးပါတီများမှ ဖြစ်ပါက အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူစေခြင်းနှင့် ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်ခြင်း၊**

**(ဋ)** **ခုံရုံးအဖွဲ့ဝင်များ၏ သက်တမ်းကို သတ်မှတ်ထားရှိခြင်း၊**

**(ဌ)** **ခုံရုံးအဖွဲ့ဝင်တစ်ဦးအား နုတ်ထွက်ခွင့်နှင့် ပြန်လည်ခန့်အပ်ခွင့်ကို နိုင်ငံတော်သမ္မတအား ပေးအပ်ထားခြင်း၊**

**(ဍ)** **ခုံရုံး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးထားခြင်း၊**

**(ဎ)** **ခုံရုံးအဖွဲ့၏ သဘောထားရယူရန်ကိစ္စများကို တိုက်ရိုက်ဖြစ်စေ၊ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီဖြစ်စေ တင်သွင်းနိုင်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား သတ်မှတ်ပေးထားခြင်း၊**

**(ဏ)** **ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ခုံရုံးဥက္ကဋ္ဌ၏အဆင့်ကို သတ်မှတ်ပေးထားခြင်း**

စသည့် အချက်အလက်များ ပြည့်စုံစွာပါရှိသည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

ကျွန်တော်တို့အစုအဖွဲ့အနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်တဲ့ စုစည်းချက်အပိုဒ် (၁)မှ (၂၆)အထိ အခြေခံမူများကို အထက်တွင် ထောက်ခံတင်ပြပြီး ဤအခန်းအတွက် သီးခြားအကြံပြုချက်မရှိကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် **"ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ စုစည်းချက်အပိုဒ် (၁) မှ (၄) အထိကိုလည်းကောင်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကိုလည်းကောင်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ စုစည်းချက်အပိုဒ်(၁)မှ (၈) အထိကို လည်းကောင်း၊ အထွေထွေပြဋ္ဌာန်းချက်များ၊ အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ စုစည်းချက်အပိုဒ် (၁)မှ (၂၆)အထိကို လည်းကောင်း"** အမျိုးသားညီလာခံ ဦးတည်ချက်(၆)ရပ်နှင့် အခြေခံမူ (၁၀၄) ချက်အတွင်းမှ ထောက်ခံတင်ပြပြီး ဖြစ်ပါတယ်။

ထို့အပြင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ကောင်းမွန်သင့်မြတ်မည်ဟု ယူဆသော **သီးခြားအကြံပြုချက်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းတွင် (၁)ချက်၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတွင် (၃)ချက်၊ စုစုပေါင်း အကြံပြုတင်ပြချက်(၄)ချက်**ကိုလည်း လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် တင်ပြထားရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အချုပ်အားဖြင့်တင်ပြရလျှင် ပြည်ထောင်စုကြီးရဲ့ အတိတ်သမိုင်းသည် သင်ခန်းစာပေါင်းမြောက်မြားစွာကို ပေးခဲ့ပြီးဖြစ်ပါတယ်။ သမိုင်းသင်ခန်းစာများကို လေ့လာမှတ်သားပြီး ရွှေရောင် အနာဂတ်ကို ဖန်တီးရန်မှာ ပြည်ထောင်စုသားများ အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ ယနေ့ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးသည် ဒီမိုကရေစီခရီးလမ်းကြီးပေါ်တွင် ပထမဆုံးသမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနေခြင်းလည်းဖြစ်ပါတယ်။ ဤကဲ့သို့ မွန်မြတ်သော လုပ်ငန်းတာဝန်ကြီးဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် ရရှိတဲ့အတွက် ကျွန်တော်တို့ ညီလာခံကိုယ်စားလှယ်များအားလုံးက ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူလျက်ရှိနေကြပါတယ်။

ယခုအခါ ကိုယ်တွေ့ဖြစ်ရပ်များ၊ ဘဝသင်ခန်းစာများနှင့် နိုင်ငံတကာ၏ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ကို လေ့လာပြီး လက်တွေ့နှင့် သဘောတရား ပေါင်းစပ်လျက် အခြေခံကောင်းများပေါ်၌ နေ့မနား၊ ညမအား ကြိုးပမ်းမှုကြောင့် ရလဒ်ကောင်းများ ပေါ်ထွန်းနေပြီ ဖြစ်ပါတယ်။ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများ ပြီးဆုံး၍ တည်ငြိမ်အေးချမ်းမှု၊ ဝါဒရေးရာတိုက်ပွဲများမှ ဖယ်ခွာနိုင်မှု၊ (၂၁)ရာစုတွင် ဖြစ်ထွန်းတိုးတက်လျက်ရှိသော ပညာရပ်ဆိုင်ရာ နယ်ပယ်များကို အမီလိုက်နိုင်မှုနှင့် စီးပွားရေးအခြေခံကောင်းများကို ပြည့်စုံလုနီးပါး တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့အလယ်တွင် ထည်ဝါစွာ ရပ်တည်၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းကာ ရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်များ၏ ဆက်လက်ကြိုးပမ်းမှုရလဒ်ဖြင့် ရည်မှန်းထားသည့် ရွှေနိုင်ငံပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဖြစ်ပါတယ်။ အစဉ်လေ့လာ သင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှ တိုင်းရင်းသားပြည်သူများ အနေဖြင့်လည်း ရွှေရောင်အနာဂတ်ကို လိုက်လှဲဝမ်းသာ ဂုဏ်ယူစွာ ကြိုဆိုလျက်ရှိနေကြပါတယ်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက်လည်းကောင်း၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများရဲ့ အကျိုးကို သယ်ပိုးနိုင်စွမ်းရှိပြီး စည်းကမ်းကောင်းမွန်၍ ဒီမိုကရေစီကျင့်စဉ်ကို အထောက်အကူပြုနိုင်တဲ့ အခြေခံဥပဒေသစ်ကြီးပေါ်ပေါက်လာရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

---

# (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၂၀၀၇ ခုနှစ် မတ်လတွင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

**သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီတို့သည် ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၇ခုနှစ် မတ်လတွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။**

**ဈေးပြိုင်စနစ်**

ပြပွဲ တွင် သင့်လျော်မည့် အခြေခံရောင်းဈေးသတ်မှတ်သည့်ကျောက်မျက်ရတနာများကို ပြည်တွင်း ပြည်ပရတနာကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် ရောင်းရငွေများတိုးတက်ရရှိမည်ဖြစ်သည်။

ရတနာကုန်သည်များသည် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို ဝယ်ယူမှု များပြားသဖြင့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်တင်ပြရောင်းချရန် အထူးလိုအပ်သည်။

**ညှိနှိုင်းဆောင်ရွက်**

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည်ယခင်ကျောက်မျက်ရတနာပြပွဲ များနည်းတူ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ(Export Earning)အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

ထို့အပြင် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း/ပြည်ပမှ ရတနာကုန်သည်များ အများအပြား တက်ရောက်ဝယ်ယူနိုင်စေရန် ပြည်တွင်း/ပြည်ပမှ သက်ဆိုင်ရာ ဌာနများ၊ ပြည်တွင်းရတနာကုန်သည်ကြီးများနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

**ဆက်သွယ်ဆောင်ရွက်**

၂၀၀၇ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တွင် နိုင်ငံသား ကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၆ ရက်အတွင်း သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

# (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းအသင်းအနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

၂၀၀၆ ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ တတိယနေ့ရာလုပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ဆက်လက်ကျင်းပသည်။

တတိယနေ့ရာလုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

# နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**

**(၃၁–၁၂–၂၀၀၆)ရက်နေ့**

**၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလအတွက်**

**(၁၄–၁–၂၀၀၇) ရက်နေ့**

**နှင့် (၂၈–၁–၂၀၀၇)ရက်နေ့**

---

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်နှင့်လျော်ညီစွာ သာယာလှပစေပြီး ပြည်သူ များ စိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေ အနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ပန်းအလှပင်များကို နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးထားပါသည်။ အင်းလျားကန်ပေါင်၊ ကန်တော်ကြီးဥယျာဉ်နှင့် ပြည်သူလူထု အပန်းဖြေရန် ဆောက်လုပ်ထားသည့် ဥယျာဉ်၊ ပန်းခြံများနှင့် ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ တံတားများ၊ မီးလုံးမီးဆိုင်းများနှင့် အခြားလိုအပ်သော ပစ္စည်းများကိုလည်း တပ်ဆင်ထားရှိပါသည်။

၂။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ထားသည့် ပစ္စည်းများသည် စည်းကမ်းမဲ့သော ပြည်သူအချို့ကြောင့် ပျက်စီးခဲ့ရပြီး နှစ်သစ်ကူးကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ–၆(၁)အရ ၂၀၀၃–၂၀၀၄တွင် တရားခံခုနစ်ဦး၊ ၂၀၀၄–၂၀၀၅တွင် တရားခံခြောက်ဦးနှင့် ၂၀၀၅–၂၀၀၆တွင် တရားခံ တစ်ဦးတို့အား ထိရောက်ပြစ်ဒဏ်ချမှတ်၍ အရေးယူခဲ့ရပါသည်။

၃။ ယခုနှစ်တွင်လည်း မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများ အပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံးမီးဆိုင်းများ၊ ဆိုင်းဘုတ်များ စသည်တို့အား ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

30-12 (07) 1 12/30/06, 3:02 AM

# အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်ရေး ရည်မှန်းချက်ပန်းတိုင်အဖြစ်သတ်မှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေ

✡ ရှေ့ဖုံးမှ

## အဓိကအခန်းကဏ္ဍ

တစ်မျိုးသားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ဖို့ ကြိုးပမ်းဆောင်ရွက်ရာမှာ ကိုယ်စားလှယ်တော်ကြီးများဟာ အဓိက အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နေကြသူများ ဖြစ်ကြပါတယ်။

ကမ္ဘာ့နိုင်ငံ အများအပြားမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အာဏာရအဖွဲ့ အစည်းကရေးဆွဲပြီးမှ ပြည်သူကို ချပြလေ့ရှိပါတယ်။ ယခုအခါမှာတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့နယ်တိုင်း၊ နေရာဒေသတိုင်းက တိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီးများ စုံစုံညီညီတက်ရောက် ဆွေးနွေးညှိနှိုင်းအကြံပြုကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမည့် မူများကို ကိုယ်တိုင်ကိုယ်ကျ ချမှတ်ပေးခွင့်ရခဲ့ကြပါတယ်။ တိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီးများ စုပေါင်းဆွေးနွေးချမှတ်ထားတဲ့ မူများအပေါ် အခြေခံပြီး ဥပဒေရေးဆွဲရေးအဖွဲ့က ပြုစုပြီးတဲ့အခါ ပြည်သူ့ဆန္ဒ ခံယူသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ်တော်ကြီးများရဲ့ ဒေသမှာရှိတဲ့ မိတ်ဆွေ သင်္ဂဟများက မရှင်းမလင်းလို့ မေးမြန်းလာတာရှိရင်လဲ ကိုယ်စားလှယ်တော်ကြီး များက ကျေကျေလည်လည် ဖြေကြားနိုင်ကြမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

မြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာဖို့ ယခုလို အမျိုးသားညီလာခံကြီး မစတင်မီမှာ နိုင်ငံရေးပါတီ အသီးသီးက ကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ အပါအဝင် စုံစုံညီညီနဲ့ ကြိုတင်ညှိနှိုင်းတိုင်ပင်ပြီးမှ ဖိတ်ကြားမည့် အစုအဖွဲ့များနဲ့ ကိုယ်စား လှယ်အရေအတွက်များ၊ ညီလာခံလုပ်ထုံးလုပ်နည်းများကို ချမှတ်ပြီး စိတ်တူ သဘောတူ ဆောင်ရွက်လာခဲ့ကြတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ၁၉၉၃ ခုနှစ်အတွင်း မှာ အခန်းအလိုက်ခေါင်းစဉ်များ၊ ရှေ့နောက် အစီအစဉ်များ ချမှတ်ခြင်းနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် နိုင်ငံတော်အခြေခံမူများကို ချမှတ်နိုင်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ နိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ် နိုင်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းမှ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရေးအတွက် လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှာ ဥပဒေပြုရေးအုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများအတွက်လည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ် နိုင်ခဲ့ပါတယ်။

## အောင်မြင်စွာချမှတ်နိုင်

၁၉၉၆ ခုနှစ်က အကြောင်းကြောင်းတွေကြောင့် ယာယီအားဖြင့် ရပ်နား ထားခဲ့ရတဲ့ အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်ကစပြီး ကျွန်တော်တို့ ပြန်လည်ကျင်းပပြုလုပ်လာခဲ့တာ ယခုအကြိမ်ဟာ စတုတ္ထအကြိမ် ရှိသွားပြီဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများရဲ့ မဆုတ်မနစ် ကြိုးပမ်း ဆောင်ရွက်ခဲ့မှုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အဓိက အခြေခံ ဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမည့် မူများကို အခန်းခေါင်းစဉ် အလိုက် တစ်ခုပြီးတစ်ခု အောင်မြင်စွာ ချမှတ်နိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။

လုပ်ငန်းအောင်မြင်ပြီးမြောက်မှုများကို ပြန်လည်ဆန်းစစ်ကြည့်ရင် နိုင်ငံ တော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် အခန်းလိုက်ခေါင်းစဉ် များအတွက် ၁၉၉၃ ခုနှစ် ဧပြီလ ၇ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့တဲ့ အခန်းလိုက်ခေါင်းစဉ် ၁၅ ခု ရှိတဲ့ အနက် ဒီကနေ့အထိ အခန်းလိုက်ခေါင်းစဉ် ရှစ်ခုအတွက် ကိုယ်စားလှယ်တော် ကြီးများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် အသေးစိတ်အခြေခံရမည့် မူများ အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။

## ဆွေးနွေးအကြံပေး

ကျန်ရှိတဲ့ အခန်းလိုက်ခေါင်းစဉ် ခုနစ်ခုအနက် ရွေးကောက်တင်မြှောက် ခြင်း၊ နိုင်ငံရေးပါတီများ၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ စတဲ့ အခန်း ကဏ္ဍများအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ လေ့လာတွေ့ရှိချက်များအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် သင့်၊ မသင့်တို့ကို ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးအကြံပေးနိုင်ရန် ရှင်းလင်းပြခဲ့ပါတယ်။

တစ်ဖန် ကျန်ရှိတဲ့ အခန်းလိုက်ခေါင်းစဉ်များဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနဲ့ မြို့တော်၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များနဲ့ အထွေထွေပြဋ္ဌာန်းချက် အခန်းကဏ္ဍ များကိုလဲ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နဲ့ ၁၃ ရက်နေ့တို့မှာ ကျင်းပပြုလုပ် ခဲ့တဲ့ စုံညီအစည်းအဝေးမှာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ လေ့လာတွေ့ရှိချက်များ အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် သင့်၊ မသင့် ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးအကြံပေးနိုင်အောင် ထပ်မံ ရှင်းလင်းချပြခဲ့ပါတယ်။

## သီးခြားအကြံပြု

ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် အခန်းလိုက်ခေါင်းစဉ် ၁၅ ခုအနက် အခန်းလိုက်ခေါင်းစဉ် ရှစ်ခုကို အသေးစိတ် အခြေခံရမည့်မူများအဖြစ်ချမှတ်နိုင်ခဲ့ပြီး ဖြစ်တဲ့အပြင် ကျန်ရှိတဲ့ အခန်းလိုက် ခေါင်းစဉ် ခုနစ်ခုကိုလဲ အသေးစိတ်အခြေခံမူများချမှတ်နိုင်ရန်အတွက် ကိုယ်စား လှယ်တော်ကြီးများရဲ့ ဆွေးနွေးအကြံပြုချက်များကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်း အဝေးမှာလည်းကောင်း၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ယနေ့အထိ ကျင်းပ ပြုလုပ်ခဲ့တဲ့ စုံညီအစည်းအဝေးမှာလည်းကောင်း အစုအဖွဲ့အလိုက် ရှင်းလင်း ဆွေးနွေးပြီး သီးခြားအကြံပြုချက်အချို့ကိုလဲ တင်ပြသွားခဲ့ကြပြီးဖြစ်ပါတယ်။

ဒါ့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေနဲ့ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးအကြံပေးရန်အတွက် အခန်းလိုက် ခေါင်းစဉ်များချမှတ်ပေးရန် မကျန်ရှိတော့ဘဲ ပြီးပြတ်သွားပြီဖြစ်ပါတယ်။

## သေးသိမ်ပျောက်ကွယ်

**အမျိုးသားညီလာခံကြီးမှာ နေရာဒေသတိုင်းက တိုင်းရင်းသားကိုယ်စား လှယ်တော်ကြီးများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာတဲ့ တိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီးများ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်ကြီးများ အစုံညီဆုံး တက်ရောက်ခဲ့ကြတာဖြစ်တဲ့အတွက် အမျိုးသားညီလာခံကြီးကို ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေကြသူတွေရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ တောင်းဆိုချက် ဟာလဲ အနှစ်သာရပြည့်ဝလှတဲ့ အမျိုးသားညီလာခံကြီးရဲ့ မှန်ကန်တဲ့ အရှိန်အဝါ အောက်မှာ သေးသိမ်ပျောက်ကွယ်သွားပြီဖြစ်ကြောင်း ပြောကြားလိုပါတယ်။**

**အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

ယခုအကြိမ် ကျင်းပပြုလုပ်တဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ် တော်ကြီးများ အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး အကြံပြု တင်ပြချက် များအပေါ် သဘာပတိအဖွဲ့က ပြန်လည်လေ့လာဆန်းစစ်ကာ သဘာပတိအဖွဲ့ရဲ့ တင်ပြချက်စာတမ်းကို ပြုစုကြရမှာဖြစ်ပါတယ်။ သဘာပတိအဖွဲ့က ပြုစုတင်ပြ လာတဲ့ စာတမ်းအပေါ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်နဲ့ လုပ်ငန်း ကော်မတီတို့က အသေးစိတ်ပြန်လည်ဆန်းစစ်ပြီး နောက်တစ်ကြိမ် အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီးများရဲ့ သဘောတူညီ ချက်ကို ထပ်မံရယူပြီးမှ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သွားမှာဖြစ် ပါတယ်။ ဒါ့ကြောင့် **နောက်တစ်ကြိမ် အမျိုးသားညီလာခံကို ၂၀၀၇ ခုနှစ်အတွင်း အားလုံးအတွက် အဆင်ပြေသင့်လျော်မည့်အချိန်မှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။**

**အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

**ဒီကနေ့ နိုင်ငံသားအားလုံးရဲ့ လိုလားတောင့်တမှုဟာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးတည်းဟူသော အမျိုးသားရေးဝါဒကို လက်ကိုင်ထားပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ နိုင်ငံတော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ရှိ နိုင်ငံတော်အစိုးရအနေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ထူထောင်ရေးကို ရည်မှန်းချက်ပန်းတိုင်အဖြစ် သတ်မှတ်ပြီး ကြိုးပမ်း ဆောင်ရွက်နေတာ ကိုယ်စားလှယ်တော်ကြီးများအားလုံး အသိပင်ဖြစ်ပါတယ်။**

**အဲဒီလို ကြိုးပမ်းဆောင်ရွက်ရာမှာ ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရတဲ့ အတိတ်သမိုင်းရဲ့ သင်ခန်းစာများအရ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုနဲ့ တိုင်းရင်း သားအားလုံး စည်းလုံးညီညွတ်မှုအင်အားဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ပြည်သူနှင့် တပ်မတော်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် လွတ်လပ်ရေးရပြီးချိန်မှ ရာစုနှစ်ထက်ဝက်ခန့်အထိ ဝါဒနှင့် လူမျိုးရေးအယူအဆများကြောင့် လက်နက် စွဲကိုင် တိုက်ခိုက်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ ဒီကနေ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီး စည်းကမ်းပြည့်ဝတဲ့ အနာဂတ် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံမှာ ပါဝင် တက်ရောက် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီ ဖြစ်ပါတယ်။ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီသမားအချို့ကတော့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုး တိုးတက်မှုတွေ နှောင့်နှေးပျက်ယွင်းသွားစေလိုတဲ့အတွက် ပွဲဆူအောင် ကြံစည် လုပ်ဆောင်နေကြဆဲပဲ ဖြစ်ပါတယ်။ ဒီအန္တရာယ်တွေကို သတိထားပြီး ပြည်သူ့ စွမ်းအားနဲ့ ရင်ဆိုင်ကျော်လွှားသွားကြရမှာဖြစ်ပါတယ်။**

**အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအခြေခံ အဆောက်အအုံ တွေ ပြည့်စုံလုံလောက်ဖို့ လိုအပ်ပါတယ်။ စီးပွားရေးစွမ်းအားနဲ့ လူမှုရေး စွမ်းအားတွေကို တစ်ဆက်တည်း မြှင့်တင်သွားဖို့ လိုအပ်တဲ့အတွက် နိုင်ငံတော် အစိုးရဟာ ဦးတည်ချက် (၁၂)ရပ်ချမှတ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍတွေကို တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါတယ်။ ဒါ့ကြောင့် ဒီကနေ့ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ စွမ်းအင်နဲ့လျှပ်စစ်ကဏ္ဍ စတဲ့ စီးပွားရေးကဏ္ဍများ အပြင် လူမှုရေးကဏ္ဍဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာပါ ဘယ်ခေတ် ဘယ်အခါကနဲ့မျှ မတူအောင် တိုးတက်ဖြစ်ထွန်းနေတာတွေကို မျက်မြင်တွေ့ရှိ နေကြပြီ ဖြစ်ပါတယ်။

## မှတ်တမ်းတင်ဂုဏ်ပြု

ယခုလို တိုးတက်ဖြစ်ထွန်းမှုတွေဟာ အနှောင့်အယှက် အခက်အခဲ အမျိုးမျိုးကြားက ကိုယ့်ခွန်ကိုယ့်အားနဲ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက် ခဲ့ကြရတာ ဖြစ်ပါတယ်။ ရရှိပြီးဖြစ်တဲ့ ဒီအောင်မြင်မှုတွေကို လက်ဆင့်ကမ်း သယ်ဆောင်ပြီး ပိုမိုတိုးတက်ကောင်းမွန်တဲ့ အနာဂတ်ကို မျိုးဆက်သစ်တွေနဲ့ အတူ ဖော်ဆောင် ဖန်တီးသွားကြရမှာ ဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ ကျင်းပပြုလုပ်နေတဲ့ အမျိုးသားညီလာခံကြီးဟာ နိုင်ငံတော်ရဲ့ အနာဂတ် အတွက် ခိုင်လုံစိတ်ချရမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာအောင် ညှိနှိုင်း တိုင်ပင် ဆွေးနွေးနေကြခြင်း ဖြစ်ပါတယ်။ အတိတ်သမိုင်းရဲ့ သင်ခန်းစာတွေ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသက်တမျှ တန်ဖိုးကြီးမားပြီး အလေးအနက် ထား ဆောင်ရွက်ကြရမယ့် ကိစ္စဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးများ ယခုလို မိမိတို့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ပစ်ပယ်ထားပြီး အမျိုးသားရေး အကျိုးစီးပွားအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာကို မှတ်တမ်း တင် ဂုဏ်ပြုပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

❐ **ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရတဲ့ အတိတ်သမိုင်းရဲ့ သင်ခန်းစာများအရ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုနဲ့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအင်အားဟာ မရှိမဖြစ်လိုအပ်။ ပြည်သူနှင့် တပ်မတော်အစိုးရရဲ့ ကြိုးပမ်း ဆောင်ရွက်ခဲ့မှုကြောင့် လွတ်လပ်ရေးရပြီးချိန်မှ ရာစုနှစ်ထက်ဝက်ခန့်အထိ ဝါဒနှင့် လူမျိုးရေးအယူအဆများ ကြောင့် လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ ဒီကနေ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီး စည်းကမ်းပြည့်ဝတဲ့ အနာဂတ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် အမျိုးသား ညီလာခံမှာ ပါဝင်တက်ရောက် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီဖြစ်။ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီသမားအချို့ ကတော့ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ နှောင့်နှေးပျက်ယွင်းသွားစေလိုတဲ့အတွက် ပွဲဆူအောင် ကြံစည် လုပ်ဆောင်နေကြဆဲပဲဖြစ်။ ဒီအန္တရာယ်တွေကို သတိထားပြီး ပြည်သူ့စွမ်းအားနဲ့ ရင်ဆိုင် ကျော်လွှားသွားကြရမှာဖြစ်။**

● ***ကျောဖုံးမှ***

တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ (၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ (၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ) နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

## ပြန်လည်ကျင်းပ

စုံညီအစည်းအဝေး အစီအစဉ်အရ ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံအတွက် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ရန် အမျိုးသားညီလာခံကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၀ ရက်က စတင်ပြီး ပြန်လည်ကျင်းပခဲ့ပါကြောင်း။

**အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် အမျိုးသားညီလာခံနှင့် သက်ဆိုင်သောလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အမျိုးသားညီလာခံသို့ အင်တိုက်အားတိုက် တက်ရောက်လာခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ တိုင်းနှင့်ပြည်နယ်အသီးသီးက တိုင်းရင်းသားများဖြစ်ကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပစဉ် ကာလတစ်လျှောက် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ညီရင်းအစ်ကိုပမာ ဆက်ဆံကြကာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကိုရှေးရှုပြီး ကောင်းမွန်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ကြသည့်အတွက် ဂုဏ်ယူ မှတ်တမ်းတင်ပါကြောင်း ပဏာမပြောကြားလိုပါကြောင်း။**

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်းနှင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် တပ်မတော်အခန်းနှင့် နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ ဖတ်ကြားတင်ပြခဲ့ကြသည့် အကြံပြုချက်များအပေါ် အလှည့်ကျသဘာပတိအဖွဲ့က လေ့လာစုစည်းပြီး ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၁ရက်နှင့် ၁၂ ရက်များတွင် အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို တင်ပြခဲ့ပါကြောင်း။

အလှည့်ကျ သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းတင်ပြချက်များအရ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ် အချို့တို့၏ အချို့သော အကြံပြုချက်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် ကောင်းမွန်သင့်မြတ်သော အကြံပြုချက်များဖြစ်သည်ကို တွေ့ရှိရသည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်၊ မသင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ပါကြောင်း၊ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နှင့် သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီသို့ စာဖြင့် တင်ပြခဲ့ပါကြောင်း။

## ပူးပေါင်းဆောင်ရွက်

ယင်းကဲ့သို့ တင်ပြခဲ့ကြသည့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ၂၀၀၆ခုနှစ် အောက်တိုဘာ၂၅ရက်နှင့် ၂၆ရက်များတွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင်ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကိုလည်းကောင်း၊ ၂၀၀၆ခုနှစ် အောက်တိုဘာ၂၆ရက် တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ တပ်မတော်အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများကိုလည်းကောင်း၊ ၂၀၀၆ခုနှစ် အောက်တိုဘာ၂၇ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံသား နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများကိုလည်းကောင်း ချမှတ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဤကဲ့သို့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ခြင်းသည် ညီလာခံကိုယ်စားလှယ်များက အပြည့်အဝပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ပင်ဖြစ်ပါကြောင်း။

## ဖတ်ကြားတင်ပြ

၂၀၀၆ခုနှစ် အောက်တိုဘာ၃၀ရက်နှင့် ၃၁ရက်များတွင် ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေးများတွင် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များကို ဖတ်ကြားတင်ပြခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကြကာ အကြံပြုချက်စာတမ်းများကို ပြုစုပြီး ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်အထိ ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးများ၌ ဖတ်ကြားတင်ပြခဲ့ကြပါကြောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက် နှင့် ၃၀ ရက်တို့တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စား

## ဆွေးနွေးညှိနှိုင်း

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့ အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကြကာ အကြံပြုချက်စာတမ်းများကို ပြုစုပြီး ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ယနေ့အထိ ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးများ၌ ဖတ်ကြားတင်ပြခဲ့ကြပါကြောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စား



**ရှင်းလင်းပြောကြား**

**အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကိုရှင်းလင်း ပြောကြားစဉ်။**
(သတင်းစဉ်)

လှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ လည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုစာတမ်းများကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌လည်းကောင်း၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ လည်းကောင်း ဖတ်ကြားတင်သွင်းခဲ့ကြပြီး ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဆွေးနွေးတင်ပြခဲ့ကြသည့် အကြံပြုချက်များကို ပြန်လည်လေ့လာကြည့်လိုက်မည်ဆိုလျှင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များကို အကျေအလည်ဆွေးနွေးပြီး ကျိုးကြောင်းဖော်ပြထောက်ခံကြသကဲ့သို့ ဒို့တာဝန်အရေးသုံးပါး ပါဝင်သည့် အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ရပ်၏ မူဘောင်အတွင်းနှင့် အမျိုးသားညီလာခံက ချမှတ်ထားသည့်အခြေခံမူ(၁၀၄) ချက်၏ မူဘောင်အတွင်းက မိမိတို့၏ ဖတ်ရှုလေ့လာထားမှုများနှင့် အတွေ့အကြုံများအပေါ်၌ အခြေခံပြီး သီးခြားအကြံပြုချက်များကိုလည်း အကျိုးအကြောင်း ဖော်ပြလျက်တင်ပြထားကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းအကြံပြုချက်များကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျသဘာပတိအဖွဲ့ဝင်များက လေ့လာပြီး အခန်းအလိုက် ကောက်နုတ်စုစည်းကာ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ပြုစုတင်ပြရန်ရှိပါကြောင်း။

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ လေ့လာတွေ့ရှိချက်များကို ကောက်နုတ်စုစည်းပြုစုနိုင်ရေးအတွက် လည်းကောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့မှ စတင်၍ ခေတ္တရပ်နားထားကာ ၂၀၀၇ ခုနှစ် အတွင်း သင့်တင့်လျောက်ပတ်သော အချိန်ခန့်တွင် အမျိုးသားညီလာခံကို ပြန်လည်ခေါ်ယူသင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။**

## ကြိုတင်လေ့လာ

**အမျိုးသားညီလာခံကို ပြန်လည်ကျင်းပသည့်အခါ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်အများစု၏ ဆန္ဒနှင့်အညီ ချမှတ်သွားမည်ဖြစ်သည့်အပြင် ချမှတ်ပြီးခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် ပြန်လည်စဉ်းစား သုံးသပ်ပြီး ဆက်လက်ထားရှိရန် မလိုအပ်တော့သည့် အသေးစိတ်အခြေခံရမည့်မူများကို ပယ်ဖျက်ရန်၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အသုံးအနှုန်းအချို့ကို ပြင်ဆင်ရန်နှင့် ဖြည့်စွက်ရန်လိုအပ်သော အသေးစိတ်အခြေခံရမည့်မူများကို ဖြည့်စွက်ရန်တို့နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အမျိုးသားညီလာခံသို့ ရှင်းလင်းတင်ပြရန် ရည်ရွယ်ထားပါကြောင်း၊ ထို့ကြောင့် ညီလာခံ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အကြံဉာဏ်ကောင်းများ ပေးနိုင်ရေးအတွက် ကြိုတင်လေ့လာထားကြပါရန် တိုက်တွန်းရင်း မိမိ၏ တင်ပြချက်ကို နိဂုံးချုပ်အပ်ကြောင်းဖြင့် ပြောကြားသည်။**

## စီစဉ်ထား

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားရာတွင် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ပြန်လည်စတင်ကျင်းပခဲ့သည့် ယခုအမျိုးသား ညီလာခံသည် မကြာခင်အချိန်အတွင်းမှာပင် အောင်မြင်စွာ ပြီးစီးတော့မည် ဖြစ်ပါကြောင်း၊ ညီလာခံအောင်မြင်စွာပြီးစီး၍ ခေတ္တ ရပ်နားချိန်တွင် ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း မိမိတို့နေရပ်ဒေသများကို ပြန်ကြတော့မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပြန်ကြရာတွင် ပို့ဆောင်ရေး၊ သွားလာရေးစသည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများ အစစအရာရာ အဆင်ပြေအောင် ကော်မရှင်အနေဖြင့် အဘက်ဘက်က ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ ယင်းသို့ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကိုယ်စားလှယ်ကြီးများ သိရှိအောင်ရှင်းလင်း ပြောကြားရမည်ဆိုလျှင် ကိုယ်စားလှယ်ကြီးများအနေဖြင့် ခရီးအနီးအဝေး၊ ပို့ဆောင်မှုနည်းလမ်းနှင့် ခရီးလမ်းကြောင်းစသည့် အခြေအနေများအပေါ်မူတည်ပြီး ညီလာခံပြီးဆုံးသည့် ယနေ့ ညနေတွင်လည်းကောင်း၊ ဒီဇင်ဘာ ၃၀ရက်တွင် လည်းကောင်း၊ ဒီဇင်ဘာ ၃၁ရက်တွင် လည်းကောင်း ပြန်လည်ထွက်ခွာနိုင်စေရန် စီစဉ်ထားကြောင်း၊ ကိုယ်စားလှယ်ကြီးများ မိမိတို့နေရပ်ဌာနေကို ပြန်ကြရာတွင်လည်း အဆင်အပြေဆုံးဖြစ်အောင် လေယာဉ်နှင့်သွားရမည့်နေရာကို လေယာဉ်ဖြင့်လည်းကောင်း၊ ရထားဖြင့်သွားရမည့် နေရာကို ရထားဖြင့်လည်းကောင်း၊ ကားဖြင့်သွားမှ အဆင်ပြေမည့်နေရာကို ကားဖြင့်လည်းကောင်း သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း။

## ပူးပေါင်းဆောင်ရွက်

လေယာဉ်နှင့် ရထားလက်မှတ်များကိုလည်း ဒီဇင်ဘာ၂၆ရက် ညနေကတည်းက စတင်စီစဉ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကားဖြင့်ပြန်ရမည့် ကိုယ်စားလှယ်ကြီးများအတွက်လည်း ကားများ ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးထားပြီးဖြစ်ပါကြောင်း၊ သွားရောက်မည့် ခရီးစဉ်များ၏ အစီအစဉ် အသေးစိတ်ကိုလည်း သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီက ကိုယ်စားလှယ်ကြီးများကို အသိပေးထားပြီးဖြစ်၍ ယင်းအစီအစဉ်များအတိုင်း ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

ယင်းအစီအစဉ်များအတိုင်း သွားကြရာတွင် မလိုလားအပ်သည့် ချို့ယွင်းအားနည်းချက်များ မဖြစ်စေရေးအတွက်လည်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းမှ တာဝန်ခံကိုယ်စားလှယ်များက လာရောက် ကြပ်မတ်ခေါ်ဆောင်ပေးရန် စီစဉ်ထားပြီး ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီးများအားလုံးကလည်း လမ်းခရီး အန္တရာယ်ကင်းစေရေး ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့ ကိုယ်ပိုင်ယာဉ်များဖြင့် ပြန်ကြမည် ဆိုလျှင်လည်း ပြန်ခွင့်ပြုမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဝန်စည်စလယ် စသည့် ပစ္စည်းများ သယ်ယူရာတွင်လည်း လွယ်ကူအဆင်ပြေစေရန် မိမိတို့၏ကိုယ်ပိုင်ယာဉ်များ၊ ပြည်နယ်၊ တိုင်းအလိုက်ယာဉ်များကို အိပ်ဆောင်အထိ ခေါ်ယူခွင့်ပြုမည် ဖြစ်ပါကြောင်း၊ သို့သော်လည်း စနစ်တကျရှိစေရေးနှင့် လုံခြုံရေးတို့အတွက်

***စာမျက်နှာ ၁၀ ကော်လံ ၁***

# ချမှတ်လိုက်သည့် အခြေခံရမည့်မူများ၏ အနှစ်သာရများ ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ရှင်းလင်းဆွေးနွေး

**ညီလာခံ ခေတ္တရပ်နားစဉ် ကာလအတွင်းတွင် ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြသကဲ့သို့ အခွင့်ကြုံတိုင်း၌ အမျိုးသားညီလာခံကြီး၏ တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများ၊ အမျိုးသားညီလာခံက ချမှတ်လိုက်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ၏ အနှစ်သာရများကို ပြည်သူများပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ရှင်းလင်းဆွေးနွေးသွားကြရန် တာဝန်ရှိ၊ ဆွေးနွေးရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။**

စာမျက်နှာ ၉ မှ

အိပ်ဆောင်အထိ ဝင်မည့်ကိုယ်ပိုင်ယာဉ်များ၊ ပြည်နယ်၊တိုင်းအလိုက် ယာဉ်များသည် ယာဉ်အမှတ် အမျိုးအစားတို့ကို စီမံခန့်ခွဲမှုကော်မတီထံ တင်ပြခွင့်ပြုချက်ရယူပြီး စစ်ဆေးရေးဂိတ်များတွင် လုံခြုံရေးအတွက် စစ်ဆေးခံပြီးမှ ဝင်ရောက်ကြရမည် ဖြစ်ပါကြောင်း၊ ကျန်လေဆိပ်၊ ဘူတာများကို ပို့ပေးရမည့်ကိုယ်စားလှယ်များအတွက်လည်း ညီလာခံကယာဉ်များဖြင့် စီစဉ်ပို့ဆောင်ပေးမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ရန်ကုန်မြို့နှင့် ရန်ကုန်မြို့ဝန်းကျင်တွင် နေထိုင်ကြသည့် ကိုယ်စားလှယ်များအနေဖြင့် ညီလာခံက စီစဉ်ပေးသည့် ယာဉ်ဖြင့် စီးနင်းလိုက်ပါမည်ဆိုလျှင်လည်း စီးနင်းလိုက်ပါနိုင်အောင်ပါ စီစဉ်ထားရှိပါကြောင်း။

ကိုယ်စားလှယ်ကြီးများ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများရှိ လေယာဉ်လုံခြုံရေးအရ ဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် မပျောက်မပျက်အောင် ထိန်းသိမ်းထားရှိရန် မှာကြားလိုပါကြောင်း။

**ကြိုတင်အသိပေး**

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီး ခေတ္တရပ်နားပြီး နောက်တစ်ကြိမ် ပြန်လည်ကျင်းပသည့်အခါတွင်လည်း ညီလာခံအစည်းအဝေးဖိတ်စာများကို ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ပေးပို့မည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဖိတ်ကြားရာတွင်လည်း ဖိတ်ကြားစာများ ညီလာခံကိုယ်စားလှယ်ကြီးများထံ အိမ်တိုင်ရာရောက် ရောက်ရှိအောင် သွားရေး လာရေး၊ ပို့ဆောင်ရေးကိစ္စများ အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ နောက်ကျင်းပမည့်မိမိတို့ ပြန်လည်ကြားသိခဲ့ရပါကြောင်း၊ ထို့ကြောင့်လည်း ယခုကျင်းပသည့် ညီလာခံကာလအတွင်းတွင် နေထိုင်စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးစသည့် အုပ်ချုပ်မှုကိစ္စများ၌ အခက်အခဲတစ်စုံတစ်ရာမရှိဘဲ အစစအရာရာ အဆင်ပြေချောမွေ့ခဲ့ကြောင်း တွေ့ရှိရပါကြောင်း၊ ယင်းအတွက်လည်း ကိုယ်စားလှယ်ကြီးများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း၊ နောင်ပြန်လည်ကျင်းပမည့် ညီလာခံများတွင်လည်း ယခုညီလာခံကဲ့သို့ အဆင်ပြေချောမွေ့အောင် ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ထားမည်ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

**တန်ဖိုးမဖြတ်နိုင်**

ညီလာခံကျင်းပနေစဉ် ကာလအတွင်း အမျိုးသားညီလာခံသတင်းလွှာကို နေ့စဉ်ထုတ်ဝေဖြန့်ချိခဲ့ပါကြောင်း၊

# ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းအရာများ ပိုမိုကျယ်ပြန့်စွာသိရှိအောင်လေ့လာ

**မိမိတို့ကိုယ်တိုင်လည်း အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကိုလည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းအရာ အချက်အလက်များကို လည်းကောင်း ပိုမိုကျယ်ပြန့်စွာသိရှိအောင် လေ့လာသွားကြရန်သင့်ကြောင်းလည်း တိုက်တွန်းမှာကြားလို။**

ရထားနှင့် ကားလမ်းခရီးအဆုံးအထိ ရောက်ရှိသည့်အခါတွင်လည်း မိမိတို့နေရပ်ကို အဆင်ပြေချောမွေ့စွာ ခရီးဆက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအသီးသီးက ကူညီပံ့ပိုးဆောင်ရွက်ပေးရန် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၀ရက် နေ့စွဲပါစာအမှတ် ၂/ညီလာခံ/၃–ကစ(၁၁၀)ဖြင့် ကော်မရှင်က မေတ္တာရပ်ခံ ပေးထားပြီးဖြစ်ပါကြောင်း။

**ပြန်လည်ထုတ်ပေးမည်**

ညီလာခံကိုယ်စားလှယ်ကြီးများ၏ လုံခြုံရေးနှင့် ညီလာခံကြီးတစ်ခုလုံး လုံခြုံရေးတို့အတွက် ကိုယ်စားလှယ်ကြီးများ ညောင်နှစ်ပင်စခန်းကို စရောက်သည့်အချိန်ကစပြီး ညီလာခံကိုယ်စားလှယ်စိစစ်ရေးကတ်နှင့် ညီလာခံရင်ထိုးတံဆိပ်တို့ကိုထုတ်ပေးထားခဲ့ပါကြောင်း၊ ယခု ညီလာခံ ခေတ္တရပ်နားပြီး နေရပ်ပြန်ကြမည်ဖြစ်သည့်အတွက် ညီလာခံကိုယ်စားလှယ် စိစစ်ရေးကတ်ပြားများကို လုံခြုံရေးဆပ်ကော်မတီက အဆောင်များ၌ လိုက်လံသိမ်းဆည်းမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီးများ နောက်တစ်ကြိမ် ညီလာခံ တက်ရန် ညောင်နှစ်ပင်စခန်းကို ပြန်ရောက်သည့်အခါ ယင်းညီလာခံကိုယ်စားလှယ် စိစစ်ရေးကတ်ပြားများကို ပြန်လည်ထုတ်ပေးမည် ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများကို တစ်ဆက်တည်းမှာကြားလိုသည်မှာကိုယ်စားလှယ်ကြီးများထံ ထုတ်ပေးထားသည့် အမျိုးသားညီလာခံ ရင်ထိုးတံဆိပ်သည်လည်း ကိုယ်စားလှယ်ကြီးများ ဖြစ်ကြောင်း တစ်နည်းတစ်ဖုံသိသာအောင် အမျိုးသားညီလာခံ ဖိတ်စာများ ပေးပို့သည့် အခါတွင်လည်း ဖိတ်စာများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးရေး၊ သွားလာရေး အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးရေးတို့ကို ထပ်မံအကြောင်းကြား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြိုတင်အသိပေးလိုပါကြောင်း။

ယခုကျင်းပသည့် အမျိုးသားညီလာခံတွင် ၂၀၀၄ခုနှစ်နှင့် ၂၀၀၅ ခုနှစ် ညီလာခံများ ကျင်းပစဉ်က တွေ့ရှိခဲ့ရသည့် အားနည်းချက်များကို အထူးဂရုပြု ပြုပြင်ပြီး အုပ်ချုပ်ရေးဆိုင်ရာကဏ္ဍအားလုံး၌ အကောင်းဆုံး၊ အဆင်အပြေဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သို့သော်လည်း အများအတွက် ဆောင်ရွက်ပေးရခြင်းဖြစ်ခြင်း၊ နေ့စဉ်နေ့တိုင်း ဆောင်ရွက်ပေးရမှုဖြစ်ခြင်း၊ ကိုယ်စားလှယ်ကြီးများတွင်လည်း မိသားစုရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများရှိခြင်း စသည်များကြောင့် အခက်အခဲ၊ အားနည်းချက် အနည်းအပါး တွေ့ကြုံခံစားကြရကြောင်း ကြားသိရပါကြောင်း၊ သို့သော် နိုင်ငံတော်နှင့် ညီလာခံတာဝန်ရှိသူအားလုံးက အဘက်ဘက်မှ အလေးထား စီစဉ်ကြပ်မတ်ဆောင်ရွက်ပေးမှု၊ အုပ်ချုပ်ရေးကဏ္ဍအသီးသီးတွင် ဝန်ဆောင်မှုပေးနေကြသည့် တာဝန်ကျလူငယ်များ၏ စေတနာအရင်းခံနှင့် မိမိတို့၏ မိဘ၊ အစ်ကို၊ အစ်မများသဖွယ် သဘောထားပြုစုစောင့်ရှောက်မှုတို့ကို ကိုယ်စားလှယ်ကြီးများက ခံစားတွေ့မြင်ပြီး တော်ရုံတန်ရုံ အားနည်းချက်များအပေါ် နားလည် ခွင့်လွှတ်ခဲ့ကြသည်ဟုလည်း ယင်းညီလာခံသတင်းလွှာတွင် စုံညီအစည်းအဝေးကျင်းပခြင်း၊ အစုအဖွဲ့အလိုက် အစည်းအဝေးများကျင်းပခြင်း၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခြင်းစသည့် ညီလာခံကဆောင်ရွက်သော ကိစ္စမှန်သမျှ၏ အကြောင်းအရာများပါဝင်သည့်အတွက် ညီလာခံကိုယ်စားလှယ်ကြီးများအဖို့ မိမိပါဝင်ဆောင်ရွက်ခဲ့သည့် ညီလာခံ၏အကြောင်းအရာများဖြစ်၍ နောင်အတွက် တန်ဖိုးမဖြတ်နိုင်သော အထောက်အထား မှတ်တမ်းများဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

ထို့အပြင် ကိုယ်စားလှယ်ကြီးများက အမျိုးသားညီလာခံအကြောင်းအရာများ အပါအဝင် ကဏ္ဍစုံ၊ အကြောင်းအရာစုံနှင့် ပတ်သက်သည့် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ဟာသ၊ ကာတွန်း စသည်များကို စိတ်ပါဝင်စားစွာ ပါဝင်ရေးသားခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ တာဝန်ရှိသူများကလည်း ပံ့ပိုးကူညီ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ထို့ကြောင့်လည်း ညီလာခံသတင်းလွှာသည် ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ရဲဝံ့၊ အံ့သြစသော ရသစုံကို ပေးစွမ်းနိုင်ခဲ့သည့်အတွက် ကိုယ်စားလှယ်ကြီးများအားလုံးက နှစ်သက်လက်ခံကြောင်း သိရပါကြောင်း၊ ထို့အပြင် နေ့စဉ်သတင်းလွှာ၏ ဝန်ဆောင်မှုကြောင့် မိမိတို့ တိုင်းရင်းသားအသီးသီး၏ ဓလေ့ထုံးစံ ယဉ်ကျေးမှုများကို အချင်းချင်း ပိုမိုနားလည် သဘောပေါက်မှု ရရှိစေခဲ့ကြောင်း၊ အမျိုးသားညီလာခံက အတည်ပြုချမှတ်ခဲ့သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများ၏ အနှစ်သာရများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပိုမိုနားလည်ခွင့်ရကြကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုလည်း ပိုမိုတိုးတက်မြင့်မားစေခဲ့ကြောင်း ပြန်လည်ကြားသိရပါကြောင်း၊ ယင်းသို့ အကျိုးတရားကောင်းများ ပေးစွမ်းနိုင်စေသည့် စာမူများဖြစ်၍လည်း မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနက ယင်းညီလာခံသတင်းလွှာပါ ဆောင်းပါး၊ ကဗျာ၊ ဟာသ၊ ကာတွန်းများအနက် သင့်တော်သည့် စာမူများကိုစုပေါင်း၍ စာအုပ်ထုတ်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ်များတွင် ဆက်လက်အသုံးပြုခြင်းများ ဆောင်ရွက်ပြီး လာမည့်ညီလာခံကာလတွင် စာမူခများလည်း ချီးမြှင့်ရန်စီစဉ်ထားကြောင်း သတင်းကောင်း ပါးအပ်ပါကြောင်း။

**အထူးကျေးဇူးတင်**

ယင်းကဲ့သို့ အုပ်ချုပ်မှုကိစ္စများ၊ နေ့စဉ်သတင်းလွှာနှင့် ဖျော်ဖြေမှုကိစ္စများတွင် အကောင်းဆုံးဖြစ်အောင်၊ အဆင်ပြေဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့်တာဝန်ရှိသူများနှင့် ဝန်ထမ်းအားလုံးကိုလည်းကောင်း၊ ခံစားနားလည်မှုအရင်းခံပြီး သည်းခံခွင့်လွှတ်ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ကိုယ်စားလှယ်ကြီးများအားလုံးကိုလည်းကောင်းအထူးကျေးဇူးတင်ကြောင်းပြောကြားလိုပါကြောင်း၊ ထို့အတူ ဖျော်ဖြေရေးကဏ္ဍတွင် စေတနာနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ မြဝတီဝိုင်းတော်သားများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အငြိမ့်အဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ သဘင်ပညာရှင်များအစည်းအရုံးနှင့်အနုပညာရှင်များအားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ကြောင်းပြောကြားလိုပါကြောင်း၊ ထို့အပြင် ညီလာခံကြီး အောင်မြင်ရေးအတွက် ငွေကြေး၊ ပစ္စည်းလှူဒါန်းခဲ့ကြသည့်အဖွဲ့အစည်းများနှင့် စေတနာရှင်များ၊ အားကစားနှင့် ဖျော်ဖြေမှုကဏ္ဍတွင် စည်စည်ကားကား၊ ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် ပံ့ပိုး ကူညီခဲ့ကြသော ညီလာခံ ကိုယ်စားလှယ်လုပ်ငန်းရှင်များနှင့် ပြင်ပမှ လုပ်ငန်းရှင်များ၊ ရုပ်ရှင်ကားများ စဉ်ဆက်မပြတ် ပြသနိုင်အောင်လှူဒါန်းခဲ့ကြသည့် ရုပ်ရှင်ထုတ်လုပ်သူများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း။

**တိုက်တွန်း**

**ယခုမကြာခင် အမျိုးသားညီလာခံ၏အခန်းကဏ္ဍတစ်ရပ် ပြီးဆုံးတော့မည်ဖြစ်သည့်အတွက် မိမိတို့ဌာနေကို ပြန်ကြတော့မည် ဖြစ်ပါကြောင်း၊ ညီလာခံ ခေတ္တရပ်နားစဉ် ကာလအတွင်းတွင် ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြသကဲ့သို့ အခွင့်ကြုံတိုင်း၌ အမျိုးသားညီလာခံကြီး၏ တိုင်းပြည်နှင့် လူမျိုး အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများ၊ အမျိုးသားညီလာခံက ချမှတ်လိုက်သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ၏ အနှစ်သာရများကို ပြည်သူများပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ရှင်းလင်းဆွေးနွေးသွားကြရန် တာဝန်ရှိပါကြောင်း၊ ဆွေးနွေးရန်လည်း တိုက်တွန်း မှာကြားလိုကြောင်း။**

**ပိုမိုကျယ်ပြန့်**

**ထို့အတူ မိမိတို့ကိုယ်တိုင်လည်း အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကိုလည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းအရာ အချက်အလက်များကိုလည်းကောင်း ပိုမိုကျယ်ပြန့်စွာသိရှိအောင်လေ့လာသွားကြရန် သင့်ကြောင်းလည်း တိုက်တွန်းမှာကြားလိုကြောင်း။**

ကိုယ်စားလှယ်ကြီးများ၏ ဌာနေအပြန်ခရီး ချောမွေ့အန္တရာယ်ကင်းပါစေ၊ မိသားစုနှင့် ပြန်လည်ဆုံတွေ့ပျော်ရွှင် ချမ်းမြေ့နိုင်ပါစေ၊ ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့လည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့်ပြန်လည်တက်ရောက်နိုင်ကြပါစေ၊ အမျိုးဘာသာ သာသနာအကျိုးနှင့် မိမိတို့၏အကျိုးကို ဆတက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် သဘာပတိအမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားသည်။

**[အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားသည့် အမှာစကားကို သီးခြား ဖော်ပြထားပါသည်။]**

**အောင်မြင်စွာ ကျင်းပပြီးစီး**

ယင်းနောက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဟူသည့် အမျိုးသားညီလာခံ ဦးတည်ချက်များဖြင့် ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၀ရက်က ပြန်လည်စတင်ကျင်းပခဲ့သောအမျိုးသားညီလာခံ စုံညီအစည်းအဝေး နံနက် ၁၁ နာရီ မိနစ်၅၀တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

**ရှင်းလင်းပြောကြား**

**အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသား ညီလာခံနှင့် ပတ်သက်၍ ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားစဉ်။**
(သတင်းစဉ်)



## ရွှေထီးတော်တင်လှူပွဲနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကြခင်းစုရပ်ကွက် ဘာသာစရိတ္တ မြတောင်ညိုကျောင်းတိုက်အတွင်း၌ ရပ်ကွက်လုံးဆိုင်ရာ မြတောင်ညိုဆုတောင်းပြည့်စေတီတော် ရွှေထီးတင်လှူပွဲနှင့် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ရက် မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ကျင်းပပူဇော်ပြီး ယင်းနေ့ နံနက်၉နာရီတွင် ရွှေထီးတော် တင်လှူပူဇော်မည်ဖြစ်ရာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **(က–ပ)**

## ပါတီအပေါ် ယုံကြည်မှုစိတ်ဝင်စားမှုမရှိ တောင်တွင်းကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ခြောက်ဦးနုတ်ထွက်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ ဖြစ်ကြသော အုန်းတော (၂)ရပ်ကွက်နေ ဦးသန်းဝင်း(ခ) ဦးသန်းထွတ်သည် အောက်တိုဘာ ၁၆ ရက်တွင်လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာမှ ဦးအေးထွန်း၊ ဦးဘိုနီ၊ ဦးစံတင်၊ ဦးမြင့်မောင်နှင့် ဦးအေးလွင်တို့ ငါးဦးသည် အောက်တိုဘာ ၂၆ ရက်တွင်လည်းကောင်း စုစုပေါင်းပါတီဝင် ခြောက်ဦးတို့သည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ် သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မကွေးတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့သော ၎င်းတို့၏ နုတ်ထွက်လွှာများတွင် မိမိတို့သည် ပါတီနိုင်ငံရေးကို ဆက်လက်လုပ်ကိုင်လိုမှု မရှိတော့ခြင်း၊ NLD ပါတီအပေါ် ယုံကြည်မှု၊ စိတ်ဝင်စားမှုမရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားပါသည်။ **(သတင်းစဉ်)**

# တည်ငြိမ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် စေတနာမှန်သည့် လက်တွေ့လုပ်ရပ်များဖြင့် ပြည်သူများ၏အကျိုးကို ပိုမိုသယ်ပိုး

ရန်ကုန် ဒီဇင်ဘာ ၂၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်းအမှတ်စဉ်(၇)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ အမှာစကားပြောကြားသည်။**





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်းအမှတ်စဉ်(၇)ဆင်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

### တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

### လက်ဆင့်ကမ်း

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေးပင်ဖြစ်ကြောင်း၊ ထိုရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံသားအားလုံး လိုချင်တောင့်တနေကြသည့် ရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း၊ ပြည်သူများလိုလားတောင့်တနေကြသည့် တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော အနာဂတ်နိုင်ငံတော်သစ်ကြီး အဖြင့် ပြည်တွင်းက စစ်မှန်သည့် အားများဖြစ်သော နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့၏ စွမ်းအားများဖြင့် အစီအစဉ်ရှိရှိ ပုံဖော်တည်ဆောက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းကြီးသည် မျိုးဆက်တစ်ခုမှ မျိုးဆက်သစ် တစ်ခုဆီသို့ လက်ဆင့်ကမ်းပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော်ကြရသည့် လုပ်ငန်းကြီး ဖြစ်ကြောင်း။

### တိုးတက်လာ

နိုင်ငံတော်၏ နယ်မြေ ဒေသအသီးသီးရှိ ပြည်သူများအတွင်းမှ ပြည်သူများဖြစ်ကြသည့် အသင်းဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးဆောင်မှုဖြင့် နယ်မြေဒေသအလိုက် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ရုံသာမက နယ်မြေလူထု၏ ဖန်တီးနိုင်သော စွမ်းအားများ ပေါ်ထွက်လာစေရေးအတွက် ပြည်သူများနှင့် တစ်သားတည်း၊ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ရရှိနေပြီဖြစ်သည့်အတွက် အသင်းဝင်အင်အားသည်လည်း ၂၄သန်းနီးပါးခန့် တိုးတက်လာပြီဖြစ်ကြောင်း၊ တိုးတက်လာသည့် အသင်းဝင်များသည် အလွှာစုံ၊ နယ်ပယ်စုံ၊ အရွယ်စုံကို ကိုယ်စားပြုပြီး ဝင်ရောက်လာကြခြင်း ဖြစ်ကြောင်း။

ယခုသင်တန်းတွင် မီဒီယာလုပ်ငန်းများကို စိတ်ဝင်စားပြီး အလားအလာရှိသည့် လူငယ်၊လူရွယ်များကို စုစည်းပြီး နယ်မြေလူထု၏ အကျိုးစီးပွားအတွက် မှန်ကန်ထိရောက်၍ ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံသတင်းစာပညာသင်တန်းတွင် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်စွဲမြဲခိုင်မာရေး၊ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာရေးရာ သတင်းစာများ၏ သမိုင်းအကျဉ်း၊ သတင်းဆိုင်ရာ အချက်အလက်များ ရယူခြင်း၊ တည်ဆောက်ခြင်း၊ တည်းဖြတ်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ စောင့်စည်းရမည့် ကျင့်ဝတ်များ၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားခြင်း၊ မမှန်သတင်းများကို အမှန်အတိုင်း သိရှိရန်ဆောင်ရွက်ခြင်း၊ အကျိုးရှိသော လုပ်ဆောင်မှုများအပေါ် ပါဝင်ဆောင်ရွက်လာစေရန် အသိပေးခြင်း၊ မီဒီယာအသုံးပြုခြင်း စသည့်ဘာသာရပ်များကို အတွေ့အကြုံရှိသည့်ဝါရင့်နည်းပြဆရာကြီးများ ကိုယ်တိုင်ဆွေးနွေးပို့ချခဲ့ပြီး လက်တွေ့လည်းဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း၊ ရရှိလာသည့်အသိပညာ၊ အတတ်ပညာများကိုမှန်ကန်သည့် စေတနာဖြင့် ပြည်သူများ၏ ပကတိအခြေအနေနှင့် လိုအပ်ချက်များကို သိရှိပြီး ဝိုင်းဝန်းကူညီ အလေးထားဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားလိုကြောင်း။

### အမျိုးသားနိုင်ငံရေး

အသင်းဝင်များအားလုံးသည် စိတ်ကောင်း စေတနာမှန်ဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင်တက်တက်ကြွကြွ ပါဝင် ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်ပြောရလျှင် အမျိုးသား နိုင်ငံရေးတာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်ကြောင်း။

အပြုသဘော မဆောင်သည့်၊ စေတနာမမှန်သည့် ပြည်တွင်း၊ပြည်ပကအဖျက်လုပ်ရပ်များအားလုံးကို ပြည်သူများအမှန်အတိုင်း သိမြင်နေကြပြီဖြစ်ကြောင်း၊ တည်ငြိမ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများကို ခိုင်မြဲအောင် ပိုမိုတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ရမည့်အစား ပြစ်တင်ဝေဖန်မှုများနှင့် ပြည်ပက မလိုလားသူတချို့၏ မြှောက်ပင့်ပေးကမ်းမှုများအပေါ် သာယာနေသည့် လုပ်ရပ်များကိုလည်း သိရှိနေကြပြီဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် အမှန်ကို အမှန်အတိုင်း ပြည်သူများ၊သိရှိအောင် ဆောင်ရွက်ကြပြီး ရရှိပြီးဖြစ်သည့် တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့အောင်၊ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စေတနာမှန်သည့် အပြုသဘောဆောင်သည့် လက်တွေ့လုပ်ရပ်များနှင့် ပြည်သူများ၏အကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ဖြင့်ပြောကြားသွားသည်။

### ဆုများချီးမြှင့်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းထူးချွန် ပထမဆုရ ဧရာဝတီတိုင်းမှ ဦးဝင်းကိုကို၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ ဦးဇော်မင်းရင်နှင့်တတိယဆုရ ပဲခူးတိုင်း(အရှေ့)မှ ဦးသက်ဦးတို့အားဆုများကို ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးအားလည်းကောင်း၊ ဂုဏ်ပြုလက်ဆောင်များကို သင်တန်းနည်းပြများ ကိုယ်စား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်မောင်စိုးအားလည်းကောင်း ပေးအပ်ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## လက်လုပ်တောင် တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မဟာဗောဓိမြိုင် ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော ပျဉ်းမနားမြို့နယ်မီးလောင်ကုန်းအုပ်စု လက်လုပ်တောင်တောရတွင် ဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက်မှ၂၁ရက်အထိ (၁၁)ကြိမ်မြောက် ၁၅ရက်တရားစခန်းပွဲတွင် ဗုဒ္ဓေါရသ အရှင်ဣန္ဒာစရိယ(ဗောဓိရိပ်ငြိမ်တောရ မော်ဘီ)က တရားဟောကြားမည်ဖြစ်ရာ ဦးတင်အေး ဖုန်း–၀၆၇၈၅၉သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

**(က–ပ)**


## ပညာရေးစုံညီပွဲတော်

**နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲစို့**



**ဇန်နဝါရီလ(၆ မှ ၈)ရက်၊ ၂၀၀၇ခုနှစ်**

**SCHOOL FAMILY DAY**

**(6 to 8) January 2007**


## နိုင်ငံတစ်ဝန်းအေးချမ်း

၂၉–၁၂–၂၀၀၆

| | | |
|---|---|---|
| နေပြည်တော် | ၁၅ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | – ၁ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၆ | ဒီဂရီစင်တီဂရိတ် |
| တောင်ကြီး | ၈ | ဒီဂရီစင်တီဂရိတ် |
| လွိုင်ကော် | ၁၀ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၁၂ | ဒီဂရီစင်တီဂရိတ် |
| မုံရွာ | ၁၃ | ဒီဂရီစင်တီဂရိတ် |
| စစ်တွေ | ၁၄ | ဒီဂရီစင်တီဂရိတ် |
| ဘားအံ | ၁၄ | ဒီဂရီစင်တီဂရိတ် |
| သထုံ | ၁၄ | ဒီဂရီစင်တီဂရိတ် |
| မန္တလေး | ၁၄ | ဒီဂရီစင်တီဂရိတ် |
| ရန်ကုန် | ၁၆ | ဒီဂရီစင်တီဂရိတ် |

(မြန်မာ့အလင်း)

## အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရေးလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်း တည်ဆောက်ရေးအတွက် စေတနာရှင်များက လှူဒါန်းလျက်ရှိရာ အလှူငွေကျပ် ငါးသောင်းနှင့်အထက် အလှူရှင်များဖြစ်သည့် ဒေါ်စောညွန့် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျော်ဇော–ဒေါ်မေမီခိုင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသန်းမြင့်–ဒေါ်တင်လှမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးလှသောင်း–ဒေါ်ခင်စိန် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးချို၀င်–ဒေါ်ခင်စိုးစိုးစံ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစိန်လှမောင်ခိုင်မာဂီတာမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးမြသန်း–ဒေါ်သီတာခိုင်က ငွေကျပ်တစ်သိန်း၊ ဦးလှသောင်း–ဒေါ်တင်ရွှေ အောင်ချမ်းသာဆန်ပွဲရုံ မိသားစုက ငွေကျပ်ငါးသောင်း၊ မန္တလေးတိုင်း ဥပဒေအရာရှိ ဦးမျိုးချစ်–ဒေါ်မြင့်မြင့်မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးမောင်မောင်မြင့် မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးအောင်ဖေ–ဒေါ်တင်တင်လှ ယုမွန်မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးစောမောင်–ဒေါ်အေးရီတို့အား ရည်စူး၍ ငွေကျပ်ငါးသောင်း၊ ဦးအေးကို–ဒေါ်ရွှေမြင့် ယမုံနာမိသားစုက ငွေကျပ်ငါးသောင်း လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း ဆေးကုသမှုအစီအစဉ်တိုးချဲ့

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ ILBC တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်း၌ အပတ်စဉ် ကလေးအထူးကု အစီအစဉ်ကို ဆေးတက္ကသိုလ်(၁) ကလေးကျန်းမာပညာဌာန တွဲဖက်ပါမောက္ခ ကလေး အထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်ယုဇနစောမြင့် ဦးဆောင်၍ အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး ရက်များတွင် ညနေ၃နာရီခွဲမှ၄နာရီခွဲအထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး တိမ်မွေးကု ဆရာဝန်က အပတ်စဉ် စနေနေ့တိုင်း ညနေ ၃ နာရီမှ ၄ နာရီအထိ အိမ်မွေးတိရစ္ဆာန်များကို ကုသပေးမည်ဖြစ်ရာ လိုအပ်သောဆေးနှင့် အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း– ၅၄၁၄၉၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နှစ်သစ်ကို မန်ယူတို့ အောင်ပွဲနှင့် ဖြတ်သန်းနိုင်ပါမည်လော မော်ရင်ဟိုစိတ်လှုပ်ရှားရမည့် ပရီမီယာလိဂ်ပွဲစဉ်(၂၁)

တစ်ပွဲထက်တစ်ပွဲ ရင်ခုန်လှိုက်မောဖွယ်ရာ ဖြစ်လာတဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေကတော့ ၂၀၀၆ဆိုတဲ့ နှစ်ဟောင်းကို ရလဒ်ကောင်းတွေနဲ့ ဖြတ်ကျော်ဖို့ အစွမ်းကုန်ကြိုးစားနေကြပြီဖြစ်ပါတယ်။ ပြိုင်ပွဲရလဒ်တွေ အတိမ်းအစောင်း မခံတော့တာမို့ အသင်းတိုင်းခြေကုန်ထုတ်ပြီး ကစားနေကြတဲ့အတွက် ပွဲတိုင်းဟာ အရေးကြီးတဲ့အနေအထား ရောက်လာပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၂၁)ကို ဒီဇင်ဘာ ၃၀ရက်မှာ ကစားမှာဆိုတော့ မန်ယူဟာ ရက်ဒင်းနဲ့အိုးထရက်ဖို့ဒ်၌ ဆုံတွေ့ရမှာဖြစ်တယ်။ ရက်ဒင်းဟာ ချယ်လ်ဆီးကို နှစ်ဂိုးစီ သရေကစားထားတာမို့ ဖာဂူဆန်အတွက် ရင်ခုန်စရာပွဲ တစ်ပွဲပဲ ဖြစ်ပါတယ်။ မော်ရင်ဟိုကလည်း ဖူလ်ဟမ်နဲ့အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဆိုတော့ စိတ်လှုပ်ရှားစရာပွဲ ဖြစ်လာမှာ သေချာနေပါတယ်။ ဒါကြောင့်မို့ ပွဲစဉ်(၂၁)ကတော့ ပရိသတ်ရင်ကို ဆွဲကိုင်လှုပ်ရမ်းနေဦးမှာပါ။

**မန်ယူနှင့် ရက်ဒင်း**
**(၃၀–၁၂–၂၀၀၆) ည ၉း၃၀**

တန်းစီဇယားထိပ်ဆုံးနေရာကို ခိုင်ခိုင်မြဲမြဲ ရယူထားတဲ့ မန်ယူတို့ ရက်ဒင်းကို သေသေချာချာ ပြင်ဆင်ကစားမှရပါလိမ့်မယ်။ ရက်ဒင်းဟာ ပွဲစဉ်(၂၀)မှာ ချယ်လ်ဆီးကို သရေကစားပြီး စိတ်ဓာတ်တက်ကြွနေတာမို့ ဖာဂူဆန်သတိကြီးစွာနဲ့ ဗျူဟာခင်းကျင်းရမှာဖြစ်ပါတယ်။ ရက်ဒင်းဟာ ပရီမီယာလိဂ်မှာ မျက်နှာသစ်ဖြစ်ပေမယ့် တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအားရှိတဲ့အသင်းပါ။ ရက်ဒင်းရဲ့ ဒွိုင်လီ၊ ဟာပါ၊ အင်ဂီမာဆင်နဲ့ ဆွန်ကိုတို့က အဓိကမောင်းနှင်အားတွေလို ကစားနိုင်တယ်ဆိုတာ ဖာဂူဆန် ထည့်စဉ်းစားရပါလိမ့်မယ်။

ဒါပေမယ့် ရက်ဒင်းရဲ့အဝေးကွင်းရလဒ်က သိပ်မကောင်းပါဘူး။ ချယ်လ်ဆီးရဲ့ ဖိအားပေးမှုကိုခံနေရတဲ့ မန်ယူဟာ အိုးထရက်ဖို့ဒ်မှာတော့ ရက်ဒင်းကို အနိုင်ကစားပါလိမ့်မယ်။ ဖာဂူဆန်ဟာ သူ့ရဲ့ အမာခံဘောလုံးသမားတွေကို အပြည့်ထုတ်သုံးပြီး ရက်ဒင်းကို အနိုင်ယူမှာဖြစ်တဲ့အတွက် ဒီပွဲဟာ မန်ယူတို့ သုံးမှတ်အပြည့်ရသွားနိုင်တဲ့ပွဲပါ။ ဖာဂူဆန်ရဲ့ နိုင်ပွဲလိုချင်နေတဲ့ဆန္ဒကို ရွန်နေ၊ စီရိုနယ်ဒို၊ ဆာဟာနဲ့ပေါလ်စခိုးတို့က ဖြည့်ဆည်းပေးပါလိမ့်မယ်။

**ချယ်လ်ဆီးနှင့် ဖူလ်ဟမ်**
**(၃၀–၁၂–၂၀၀၆) ည ၉း၃၀**

မန်ယူကိုကျော်ဖြတ်ဖို့ ကြိုးစားနေပြီဖြစ်တဲ့ ချယ်လ်ဆီးတို့ ဒီပွဲကိုအနိုင်ကစားမှာ သေချာပါတယ်။ သရေပွဲရလဒ်ကိုတောင် လက်မခံနိုင်တဲ့ မော်ရင်ဟိုဟာ



**အာဆင်နယ်အတွက် ခြေစွမ်းပြနေဆဲ ယွန်းဘတ်။**
(ဓာတ်ပုံ–အင်တာနက်)

ဒရော့ဘာ၊ အက်စီယန်၊ မက်ခီလီလီ၊ လမ်းပတ်၊ တယ်ရီတို့အားကိုးနဲ့ ဖူလ်ဟမ်ကို ကောင်းကောင်းဧည့်ခံပါလိမ့်မယ်။

ဖူလ်ဟမ်ဟာ ချယ်လ်ဆီးကို တစ်ဦးချင်းရော အသင်းလိုက်ပါ မယှဉ်နိုင်ပါဘူး။ အခင်းအကျင်းနဲ့နည်းဗျူဟာအပိုင်းမှာလည်း ချယ်လ်ဆီးတို့က သာသလို ဂိုးသွင်း စွမ်းရည်မှာလည်း ဖူလ်ဟမ်တိုက်စစ်မှူးတွေဖြစ်တဲ့ ကောလင်းဂျွန်၊ ဟယ်ဂူဆင်နဲ့ မော်တီတို့က ချယ်လ်ဆီးတိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကို မယှဉ်နိုင်ပါဘူး။

ဒါပေမယ့် ဖူလ်ဟမ်အသင်းဟာ ချယ်လ်ဆီးကွင်းမှာ မနှစ်က သွားကစားခဲ့တုန်းက သုံးဂိုး–နှစ်ဂိုးနဲ့ ရှုံးခဲ့ပေမယ့် ချယ်လ်ဆီးကို နှစ်ဂိုးပြန်သွင်းနိုင်ခဲ့တဲ့ ခြေစွမ်းရှိပါတယ်။ ခိုင်မာတောင့်တင်းတဲ့ ချယ်လ်ဆီးခံစစ်ကြောင်းကို ဘယ်လိုထိုးဖောက် ဖြတ်ကျော်ရမယ်ဆိုတာ ဖူလ်ဟမ်တိုက်စစ်မှူးတွေ ကောင်းကောင်းသိနေတယ်ဆိုတဲ့အချက်ကို မော်ရင်ဟိုမေ့ထားလို့ မရပါဘူး။ ဒါပေမယ့် အိမ်ကွင်းမှာ

**သုံးသပ်တင်ပြသူ – မောင်ချစ်ကြည်**

နိုင်ပွဲရအောင် ကစားတတ်တဲ့ ချယ်လ်ဆီးကို ဖူလ်ဟမ်တို့ အမြင့်ဆုံးမျှော်မှန်းနိုင်တာက သရေပွဲပါပဲ။ ချယ်လ်ဆီးနိုင်မယ့်ပွဲပါ။

**ရှက်ဖီးနှင့် အာဆင်နယ်**
**(၃၀–၁၂–၂၀၀၆) ည ၉း၃၀**

အဝေးကွင်း ဖြစ်ပေမယ့် အာဆင်နယ်တို့ သုံးမှတ်အပြည့်ရယူမယ့်ပွဲပါ။ ရှက်ဖီးဟာ တန်းဆင်းဇုန်နဲ့လွတ်အောင် ရုန်းကန်နေရတဲ့ အသင်းဖြစ်နေတာမို့ အိမ်ကွင်းမှာ အာဆင်နယ်ကို ခံကစားပါလိမ့်မယ်။ တန်းစီဇယားထိပ်ဆုံးနဲ့ ဒုတိယနေရာတွေကို မမျှော်မှန်းနိုင်ပေမယ့် တတိယနေရာမှာ ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ဖို့ အာစင်ဝင်းဂါးကြိုးစားနေတာဆိုတော့ ဒီပွဲကို လူစုံထုတ်ကစားမှာပါ။

ရှက်ဖီးဟာ အိမ်ကွင်းမှာ မာမာတင်းတင်း တုံ့ပြန်ကစားနိုင်တာမို့ လျှော့တွက်ပြီး ကစားရင်တော့ အာစင်ဝင်းဂါး နောင်တရသွားနိုင်စရာ ရှိပါတယ်။ ရှက်ဖီးဟာ တစ်ခါတစ်ရံ ကစားရခက်တဲ့အသင်းဖြစ်တာမို့ အာဆင်နယ်တို့ သတိထားရပါလိမ့်မယ်။

ဒါပေမယ့် အမှားအယွင်းတွေနဲ့ အားနည်းချက်ရှိတဲ့ ရှက်ဖီးနောက်တန်းကြောင့် အာဆင်နယ်တိုက်စစ်မှူးတွေ အကြိုက်တွေ့ပြီး ဂိုးတွေ ရသွားနိုင်ပါတယ်။ အာဆင်နယ်တို့ နိုင်ပွဲရနိုင်ပေမယ့် ဂိုးတော့မပြတ်နိုင်ပါဘူး။

**ချယ်လ်ဆီး အသင်း၏ ကွင်းလယ် ဖန်တီးရှင်ဖြစ်သလို ဂိုးသွင်းသေချာသူ ဖရန့်လမ်းပတ်။**
(ဓာတ်ပုံ–အင်တာနက်)



**စပါးနှင့် လီဗာပူး**
**(၃၀–၁၂–၂၀၀၆) ည ၉း၃၀**

ကြည့်ကောင်းမယ့်ပွဲပါပဲ။ နှစ်သင်းစလုံးခြေစွမ်းက သိပ်မကွာပါဘူး။ စပါးမှာ ဒီဖိုးနဲ့မီဒိုတို့က အားထားရသလို လီဗာပူးမှာလည်း အလွန်ဆို၊ ပင်းနန့်၊ ဂျရတ်၊ ခရော့ချ်တို့က ပြိုင်ပွဲရလဒ်ကို ပြောင်းလဲပစ်နိုင်သူတွေပါ။

ဒါပေမယ့် စပါးခံစစ်မှူးတွေဖြစ်တဲ့ အီကိုတို၊ ချမ်ဘွန်ဒါ၊ ဒေါဆင်နဲ့ ကင်းတို့က တစ်ခါတစ်ရံ နားလည်မှုလွဲပြီး အမှားအယွင်းတွေ လုပ်တတ်တာမို့ ဂိုးတွေပေးရနိုင်ပါတယ်။ လီဗာပူးတိုက်စစ်မှူးတွေက ခြေတွေ့ရင် ဂိုးပြတ်သွင်းယူတတ်ပေမယ့် အဝေးကွင်းတွေမှာ ခြေစွမ်းပျောက်နေတာက အားမရစရာပါပဲ။ ဒီပွဲမှာ ဘင်နီတက်ဇ် ဘယ်လိုနည်းဗျူဟာနဲ့ ခင်းကျင်းကစားမလဲဆိုတာ ကြည့်ရပါလိမ့်မယ်။ မနှစ်က ရလဒ်က ဂိုးမရှိသရေဆိုတော့ ဒီနှစ်လည်း ဒီလို သရေပွဲရလဒ်ပဲ ထွက်ဖို့များနေပါတယ်။

**ဘလက်ဘန်းနှင့် မစ်ဒယ်ဘရော့**
**(၃၀–၁၂–၂၀၀၆) ည ၉း၃၀**

ဘလက်ဘန်းတိုက်စစ်မှူးတွေဖြစ်တဲ့ နွန်ဒါနဲ့မက်ကာသေးတို့ ခြေတွေ့ရင်တော့ မစ်ဒယ်ဘရော့တို့လက်ဗလာနဲ့အိမ်ပြန်ရမယ့် ပွဲပါပဲ။ ၄–၄–၂ ပုံစံနဲ့ အံဝင်ခွင်ကျဖြစ်နေတဲ့ ဘလက်ဘန်းဟာ ဒီပွဲမှာလည်း ဒီအခင်းအကျင်း အတိုင်း ထွက်လာမှာပါ။

မစ်ဒယ်ဘရော့ဟာ အိမ်ကွင်းဆိုရင် အသင်းကြီးတွေကိုတောင် ဒုက္ခပေးနိုင်ပေမယ့် အဝေးကွင်းမှာတော့ နောင်တတွေ၊ သင်ခန်းစာတွေ တစ်ပွေ့တစ်ပိုက်နဲ့ ပြန်နေရတဲ့အသင်းဖြစ်နေပါတယ်။

ဘလက်ဘန်းရဲ့ ခံစစ်မှူးတွေဖြစ်တဲ့ ဂရေး၊ ဟန်ချော့ဇ်၊ လူကတ်စ်နီးလ်နဲ့ အိုးရီဂျာတို့က မစ်ဒယ်ဘရော့တိုက်စစ်မှူးတွေကို ကောင်းကောင်း ဟန့်တားနိုင်တာကြောင့် မစ်ဒယ်ဘရော့တို့ ဂိုးရဖို့ခက်ခဲပါလိမ့်မယ်။ မနှစ်ကရလဒ်က သုံးဂိုး–နှစ်ဂိုးနဲ့ဘလက်ဘန်းတို့ အနိုင်ယူထားတာဆိုတော့ ဒီနှစ်လည်း ဂိုးမပြတ်ပေမယ့် ဘလက်ဘန်းတို့ပဲ အနိုင်ရဖို့ ရာနှုန်းများနေပါတယ်။

**ဘော်လ်တန်နှင့် ပို့စ်မောက်**
**(၃၁–၁၂–၂၀၀၆) ည ၉း၃၀**

အကြိတ်အနယ်နွှဲရမယ့် ပွဲပါပဲ။ ဘော်လ်တန်မှာ အနယ်ကာနဲ့ဖရေးတို့ ဂိုးသွင်းနိုင်သလို ကနူး၊ လွာလွာနဲ့တေလာတို့ကလည်း ပို့စ်မောက်ရဲ့ ဂိုးသွင်း

**သွင်းယူပေး**

**မန်ယူအသင်းအတွက် အဓိကအားထားစရာ ကစားသမားဖြစ်လာပြီး အဆုံးအဖြတ်ဂိုးများကို သွင်းယူပေးနိုင်သည့် မန်ယူ တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို။**
(ဓာတ်ပုံ–အင်တာနက်)



သူရဲကောင်းတွေပါ။ တိုက်စစ်အပိုင်းမှာ ပို့စ်မောက်တို့က ခြေပိုစွာပေမယ့် ခံစစ်ကြောင်းမှာတော့ ဘော်လ်တန်ခံစစ်မှူးတွေက ပိုငြိမ်ပါတယ်။ အမှားအယွင်းနည်းပြီး နားလည်မှုလည်း ရှိကြသူတွေပါ။

ပို့စ်မောက်အလယ်တန်းက ဖာနန်ဒက်စ်၊ အိုနီးလ်နဲ့မန်းဒက်ဒ်တို့က တိုက်စစ်မှူးတွေနဲ့အတူ အုပ်စုဖွဲ့ထိုးဖောက် ကစားနိုင်တာကြောင့် ဘော်လ်တန်တို့ အိမ်ကွင်းဆိုပေမယ့် သတိထားရပါလိမ့်မယ်။ မနှစ်က ဘော်လ်တန်တို့ တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ယူထားတဲ့ မှတ်တမ်းရှိပေမယ့် ဒီနှစ်မှာခြေတက်နေတဲ့ ပို့စ်မောက်ကို အနိုင်ရဖို့အပြင်းအထန် ကြိုးစားမှရပါလိမ့်မယ်။ အဖြစ်နိုင်ဆုံးရလဒ်က သရေပွဲပါ။

**ချာလ်တန်နှင့် ဗီလာ**
**(၃၀–၁၂–၂၀၀၆) ည ၉း၃၀**

ချာလ်တန်တို့ မနှစ်ကအိမ်ကွင်းမှာ ဗီလာကို သရေကစားလိုက်နိုင်ပေမယ့် ဒီနှစ်အဲဒီရလဒ်ကိုရဖို့တောင် မလွယ်ပါဘူး။ ဗီလာမှာ မီလန်ဘားရို့စ်၊ အက်ဘွန်လာဟောတို့က တွန်းတွန်းတိုက်တိုက်နဲ့ ထိုးဖောက်ကစားနိုင်လို့ ဂိုးအလှူပေးတတ်တဲ့ ချာလ်တန်ခံစစ်မှူးတွေနဲ့တော့ အံကိုက်ဖြစ်နေတော့တာပါပဲ။

ဒီနှစ်မှာ ချာလ်တန်တို့ခြေစွမ်း ဘယ်လိုမှစုစည်းမရနိုင်တဲ့အပြင် အိမ်ကွင်း၊ အဝေးကွင်းရလဒ်တွေ မကောင်းတာကြောင့် တန်းဆင်းရဖို့ ရာခိုင်နှုန်းများနေတဲ့ အနေအထားရှိနေပါတယ်။ ဒါပေမယ့် ဗီလာတို့ ချာလ်တန်ကို လျှော့တွက်ခဲ့ရင် မမျှော်လင့်တဲ့ရလဒ်လည်း ရသွားနိုင်တာမို့ ဖိဖိစီးစီးကစားမှ ရလဒ်ကောင်းနိုင်မှာပါ၊ ဗီလာတို့အနိုင်ရမယ့်ပွဲပါပဲ။

**အဲဗာတန်နှင့် နယူးကာဆယ်**
**(၃၀–၁၂–၂၀၀၆) ည ၉း၃၀**

လက်ရှိခြေစွမ်းနဲ့ အဲဗာတန်ကို နယူးကာဆယ်တို့ မယှဉ်နိုင်ပါဘူး။ အဲဗာတန်ဟာ ရှေ့၊လယ်၊နောက် မျှတတဲ့ အသင်းဖြစ်တဲ့အပြင် ဂျွန်ဆင်နဲ့ တင်ကာဟေးတို့ကလည်း အဲဗာတန်ရဲ့ ဂိုးသွင်းစက်တွေဆိုတော့ နယူးကာဆယ်ခံစစ်ကြောင်းကို ရအောင်ထိုးဖောက်ပြီး ဂိုးသွင်းယူပါလိမ့်မယ်။

နယူးကာဆယ်ဟာ ဒီနှစ်ခြေစွမ်းမပြနိုင်တာကြောင့် တန်းမဆင်းရရေးကိုပဲ အာရုံစိုက်ရမယ့် အခြေအနေနဲ့ ကြုံတွေ့နေရတာမို့ အဝေးကွင်းဖြစ်ပေမယ့် အိတ်သွန်ဖာမှောက် ကစားပါလိမ့်မယ်။ ဒါပေမယ့် အဲဗာတန်တို့က အိမ်ကွင်းမှာ နိုင်ပွဲရအောင် ကစားမှာဆိုတော့ နယူးကာဆယ်တို့ အနိုင်ဆိုတာ မှန်းလို့ မရနိုင်ပါဘူး။

**ဝတ်ဖို့ဒ်နှင့် ဝီဂန်**
**(၃၀–၁၂–၂၀၀၆) ည ၉း၃၀**

အဝေးကွင်းမှာ ကစားရတာဆိုပေမယ့် ဝီဂန်တို့ အနိုင်ရမယ့် ပွဲပါ။ ဝီဂန်မှာ ကာမာရာက ဂိုးရအောင် သွင်းနိုင်သူဆိုတော့ ဝတ်ဖို့ဒ် ခံစစ်မှူးတွေ ရအောင် ဟန့်တားနိုင်ဖို့ လိုပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ် ပရီမီယာလိဂ်ကို တက်လာတဲ့ အသင်းတွေထဲမှာ ဝတ်ဖို့ဒ်ခြေက ပရီမီယာလိဂ်တန်းဝင်အဆင့် မရှိပါဘူး။

ဝီဂန်ဟာ ကစားအားကောင်းတာမို့ ဝတ်ဖို့ဒ်တို့ အနိုင်ရဖို့ဆိုတာ ခက်ခဲတဲ့ ကြိုးစားအားထုတ်မှုပါပဲ။ ဝတ်ဖို့ဒ်မှာ ဒီမီရစ်၊ ပရီစတင်နဲ့ စတီးဝပ်တို့ ကစားနိုင်ကြပေမယ့် အသင်းလိုက်စုစည်းမှု မကောင်းတာမို့ တန်ပြန်ဆင်းရမယ့် အနေအထားရှိနေပါတယ်။ ဝီဂန်တို့ နိုင်ပွဲရမယ့်ပွဲပါ။

**ဝက်စ်ဟမ်းနှင့် မန်စီးတီး**
**(၃၀–၁၂–၂၀၀၆) ည ၉း၃၀**

အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ ဝက်စ်ဟမ်းကို မန်စီးတီးတို့ ခက်ခက်ခဲခဲ ရင်ဆိုင်ရပါလိမ့်မယ်။ ဝက်စ်ဟမ်းမှာ ဇာမိုရာနဲ့ မူလင်စ်တို့က ကြံ့သလို ဂိုးသွင်းနိုင်ကြသူတွေဖြစ်ပြီး အဝင်အထွက် ရဲရဲနဲ့ ကစားတတ်ကြသူတွေပါ။ ဒီလိုပါပဲ မန်စီးတီးမှာ ကော်ရာဒီနဲ့ ဘာတွန်တို့က ဂိုးတွေသွင်းပြနေတာကြောင့် ဝက်စ်ဟမ်းတို့ အိမ်ကွင်းမှာအနိုင်ရဖို့အတွက် အပြင်းအထန် ကြိုးစားမှ ရပါလိမ့်မယ်။

မနှစ်က ဝက်စ်ဟမ်းတို့ အိမ်ကွင်းမှာ တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ယူခဲ့တဲ့ ရလဒ် ရှိခဲ့တော့ ဒီနှစ်လည်း ဝက်စ်ဟမ်းတို့အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ မဖြစ်နိုင်ပါဘူး။ ။ **(မြန်မာ့အလင်း)**

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြား




ရန်ကုန် ဒီဇင်ဘာ ၂၉

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ၊ မြို့(ခေါ်)ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့ မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက် ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင်

*စာမျက်နှာ ၉ ကော်လံ ၁* ●



အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ဆက်လက်ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့် မူ များနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့ များမှ ကိုယ်စားလှယ်များက အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြ




ရန်ကုန် ဒီဇင်ဘာ ၂၉

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ယင်းအစုအဖွဲ့များမှ ကိုယ်စားလှယ်များက အသီးသီး ဖတ်ကြားတင်ပြကြသည်။

**တက်ရောက်**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ၊ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻